# ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နေ့လယ် ၁၃း၄၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော်ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၃) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်နှင့်

(၄) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး ယနေ့ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ က နှုတ်ဆက် အမှာစကားပြောကြားရန်ဖြစ်၍ နှုတ်ဆက်အမှာစကားပြောကြားဖို့ ဖိတ်ခေါ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက နှုတ်ဆက်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နှုတ်ဆက်အမှာစကားပြောကြားရန်ဖြစ်၍ နှုတ်ဆက်အမှာစကားပြောကြားဖို့ ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ ။** ။ ကြည်ညိုရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းငှင့် ပြည့်စုံင်ဂြပ်ပါစေလိုးဆုတောင်းမောပို့သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၁-၁-၂၀၁၁ ရက်နေ့ကစပြီး ကျင်းပခဲ့တာပါ။ ယခုဆိုရင် တေရဿမပုံမှန် အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ကျန်တော့်ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ပထမဦးဆုံး နေ့မှာပဲ ပြည်သူ့လွှတ်တော်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး တာဝန်ပေးအပ်ခဲ့ပါတယ်။

ဒါကြောင့် ဒီတာဝန်ကို ပေးအပ်တဲ့အတွက် ကျန်တော့်အနေနဲ့လည်း ဒီတာဝန်ကို ထမ်းဆောင်ခွင့်ရတဲ့ အတွက် ကျေးဇူးတင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်အနေနဲ့ အာဏာသုံးရပ်ရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူကို ဦးထိပ်ထားပြီး ခေတ်စနစ်နှင့်ကိုက်ညီသောဥပဒေများ ပြဋ္ဌာန်းရေးနှင့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာမှာ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲတွေမထားဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးဆိုပြီးတော့ မူဝါဒများချမှတ်ထားသည်နှင့်အညီ ပြည်သူတို့ရဲ့အသံ၊ ဆန္ဒနှင့် မျော်လင့်ချက်များ ဖော်ထုတ်ဆောင်ရွက်ခဲ့ကြတဲ့ ငါးနှစ်တာကာလအတွင်းမှာ ကျန်တော့် အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်အတူ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်း ဆောင်ရွက်ပေးနိုင်ခဲ့တာကိုလည်း ဂုဏ်ယူမဆုံးဖြစ်ခဲ့ပါတယ်။

ကျန်တော်ဟာ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌရဲ့ လုပ်ငန်းတာဝန်ဝတ္တရားများနှင့် ရုံးလုပ်ငန်းတာဝန်များကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရဲ့ လမ်းညွှန်မများခံယူပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီး ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၂၀ အရ ဒုတိယဥက္ကဋ္ဌရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေက တော့ ဥက္ကဋ္ဌက ပေးအပ်တဲ့တာဝန်များကို ထမ်းဆောင်ခြင်း၊ လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားတဲ့အခြားတာဝန်နှင့် လုပ်ပိုင် ခွင့်များကိုဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေးအပ်တဲ့အတိုင်း လွှတ်တော်ကြီးကို ကြီးကြပ် ဆောင်ရွက်ရခြင်း စတဲ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ဒုတိယ ဥက္ကဋ္ဌဖြစ်တဲ့အတွက် ကျန်တော်တို့ရဲ့နည်းဥပဒေအရ ရာထူးအလျောက် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ဥက္ကဋ္ဌအဖြစ်နဲ့ ကျန်တော် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ အဖြစ်နဲ့ကတော့ ၁-၃-၂၀၁၁ ရက်နေ့ကနေပြီး ၁၅-၁၁-၂၀၁၁ ရက်နေ့အထိသာ ဆောင်ရွက်ခဲ့ပါ တယ်။ အဲဒီနောက်မှာတော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌတာဝန်ကို ပြောင်းလဲထမ်းဆောင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးရဲ့ အုပ်ချုပ်မှု ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်တွေကိုလည်းပဲ ကျန်တော်ထမ်းဆောင်ခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်းမှာ ဆောင်ရွက်ခဲ့ရတဲ့ လွှတ်တော် ဆိုင်ရာကိစ္စရပ်များကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် လွှတ်တော်အစည်းအဝေးများကို လွှတ်တော် ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကိုယ်စားကြီးကြပ်ဆောင်ရွက်ခဲ့ရခြင်း၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ တင်ပြလာတဲ့ကိစရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရခြင်း၊ ပြည်သူ့လွှတ်တော်ရုံးရဲ့ အုပ်ချုပ်မဆိုင်ရာကိစရပ်များကို စီမံခန့်ခွဲပေးခြင်း၊ ပြည်တွင်းပြည်ပ ဧည့်သည်များ၊ အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ရခြင်း၊ ကိုယ်စားလှယ်များ တင်သွင်းလာခဲ့တဲ့မေးခွန်းများ/အဆိုများ၊ အရေးကြီးအဆိုများတင်သွင်းခြင်းများကို လည်းပဲ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သီးခြားပေးအပ်တဲ့ တာဝန်များကို လည်း ဆောင်ရွက်ခဲ့ရတဲ့အပြင် လွှတ်တော်ဆိုင်ရာ အခမ်းအနားများဖြစ်တဲ့ လွှတ်တော်ရဲ့ နှစ်ပတ်လည် နေ့နဲ့ ဒီမိုကရေစီနေ့တို့ကိုလည်းပဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို ကူညီဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အဆင့် ပြည်ပဧည့်သည်တော်များကို ဖိတ်ကြားခြင်း၊ ဧည့်ခံတွေ့ဆုံခြင်းများအပြင် နိုင်ငံတော်အခမ်းအနားများကိုလည်း ပြည်သူ့လွှတ်တော်ရဲ့ကိုယ်စား တက်ရောက်ခဲ့ရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းတစ်ဝက်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ ဒုတိယနာယကအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ လွှတ်တော် ရေးရာနှင့် ပတ်သက်တဲ့ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက ဖိတ်ကြားလာတဲ့ အစည်းအဝေးများ၊ အခမ်းအနားများကိုလည်းပဲ ပြည်သူ့လွှတ်တော်ရဲ့ကိုယ်စား တက်ရောက်ခဲ့ပါတယ်။ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီးတော့လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပြီးတော့ မြန်မာ့လွှတ်တော်ရဲ့ ဆောင်ရွက်နေတဲ့ အခန်းကဏ္ဍများ ကိုလည်း ရှင်းလင်းပြောကြားပြီး လွှတ်တော်ရဲ့ဂုဏ်ကို မြင့်တင်ပေးနိုင်ခဲ့ပါတယ်။

ယခုလို မိမိဒုတိယဥက္ကဋ္ဌ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် တာဝန် ပေးအပ်ခဲ့တဲ့၊ ပြည်သူ့လွှတ်တော်နဲ့ အဖက်ဖက်က ကျေပွန်စွာဝိုင်းဝန်းပြီးထမ်းဆောင်ပေးခဲ့ကြတဲ့ လွှတ်တော်ရုံးဝန်ထမ်းများအားလုံးကိုလည်းပဲ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ပြောကြား ပါရစေခင်ဗျား။

ပထမအကြိမ် လွှတ်တော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ နေရေး/ထိုင်ရေး အဆင်ပြေ အောင်ဆောင်ရွက်ပေးတဲ့ နေပြည်တော်ကောင်စီ၊ ပို့ဆောင်ရေးကို စီစဉ်ဆောင်ရွက်ပေးတဲ့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာန၊ ကျန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျန်းမာရေးကိုလည်း စောင့်ရှောက်မပေးနေခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ လုံခြုံရေးကိစရပ်များ

ကိုလည်း ဆောင်ရွက်ပေးခဲ့ကြတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဧည့်ခံကျွေးမွေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်ပေးတဲ့ ဘောဂသိဒ္ဓိစားသောက်ဆိုင်တို့ကိုလည်း အထူးပဲကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါ့အပြင် အမည်မဖော်ပြမိသော်လည်းပဲ ကျေးဇူးတင်ထိုက်သူမှန်သမျတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်းကိုလည်းပဲ ပြောကြားလိုပါတယ် ခင်ဗျား။

ဒီလိုနဲ့ ကျန်တော့်ဘဝမှာ တန်ဖိုးထားဂုဏ်ယူစရာဖြစ်ခဲ့ရတဲ့ ပြည်သူ့တာဝန်များကို ထမ်းခွင့်ရခဲ့တဲ့ ဒီငါးနှစ်တာကာလသက်တမ်းကလေးမှာပဲ အတွေ့အကြုံ၊ ဗဟုသုတ၊ အသိအမြင်များနှင့် မိတ်ဆွေညီအစ်ကိုမောင်နှမများလည်း တိုးလာခဲ့ရပါတယ်။ ဒီလိုတိုးလာတာနှင့်အညီ ကျန်တော့်ရဲ့ အကြံပြုချက်ကလေးလည်း တစ်ချက်၊ နှစ်ချက်လောက်တော့ ကျန်တော် တင်ပြပါရစေခင်ဗျား။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရဲ့တာဝန်လေးရပ်ကို သတ်မှတ်ထားရှိပါတယ်။ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရလည်း ဒုတိယဥက္ကဋ္ဌအနေနဲ့ လုပ်ငန်းများကို ဆောင်ရွက်ရတဲ့အခါလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်ငန်းများကို အချိန်မီအောင်မြင်စွာပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မတီ၊ ကော်မရှင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ထားရန် လိုတဲ့အတွက်လည်း ဒီဟာကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားသင့်ကြောင်း အကြံပြုလိုပါတယ်။ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက်လည်း ကျမ်းကျင်သူများထံမှ အကူအညီများရရှိနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားရန် ကျန်တော်အကြံပြုလိုပါတယ်။ ပြည်ပနိုင်ငံများကလည်း ကောင်းမွန်တဲ့အလေ့အကျင့်စံနှုန်းများကို ကျန်တော်တို့အနေနဲ့ အတွေ့အကြုံကောင်းများကို လေ့လာပြီးတော့ ကျန်တော်တို့အနေနဲ့ ပိုမိုကောင်းမွန်တဲ့ အတွေ့အကြုံကောင်းများရရှိပြီး အလေ့အကျင့်များရရှိဖို့လည်း တိုးတက်စီစဉ်ဆောင်ရွက်ထားဖို့လည်း လိုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌရဲ့တာဝန်ပေးမအရ ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်များကိုလည်း အခါအားလျော်စွာထမ်းဆောင်ရတဲ့အတွက် ဒီတာဝန်များကိုလည်း ကြိုတင်လေ့လာထားရန် လိုအပ်ကြောင်း ကျန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ကျန်တော်တို့အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရဲ့သက်တမ်းမှာ ရသမျဝန်ထမ်းနည်းနည်းကျဉ်းကျဉ်းနဲ့ ရှိသမျနဲ့ ကျန်တော်တို့ ရသလောက်နဲ့ ဝိုင်းပြီးဆောင်ရွက်ခဲ့ရတာဖြစ်တဲ့အတွက် နည်းနည်းနဲ့ကျဲကျဲဝိုင်းခဲ့ရတာပါ။ ဒါကြောင့်မို့လို့ ကျန်တော်တို့အနေနဲ့ အင်မတန်ကြိုးစားလုပ်ဆောင်ခဲ့သော်လည်းပဲ လိုအပ်ချက်များလည်း ရှိကောင်းရှိနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့အတွက်ကိုလည်းပဲ၊ လိုအပ်တဲ့ဝန်ထမ်းအရေအတွက်ကိုလည်းပဲ

ပြည့်စုံစွာနဲ့ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်ကြီးများကို ပံ့ပိုးပေးနိုင်ဖို့အတွက်ကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားဖို့ လိုကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။

ဒါကြောင့် ကျန်တော့်အနေနဲ့ ဒီနေရာမှာ ပြန်ပြီး ခုနက ညီအစ်ကိုမောင်နှမများကိစကို ဆက်ပြီးပြောပြရမယ်ဆိုရင်တော့ ကျန်တော်တို့အနေနဲ့ စတင်တွေ့ခဲ့တုန်းကတော့ တစ်ယောက်နှင့် တစ်ယောက် မသိကြတဲ့တစိမ်းများ ဖြစ်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ ငါးနှစ်တာကာလအတွင်းမှာ လုပ်ငန်းသဘောအရရော၊ လူမရေးအရရော တွေ့ကြုံပေါင်းသင်းလာခဲ့ကြတဲ့အခါမှာ ကျန်တော်တို တစ်အူတုံဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများကဲ့သို့ ရင်းနှီးပွင့်လင်းစွာနဲ့ ကျန်တော်တို့ ချစ်ကြည် မတွေရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျန်တော်တို့ရဲ့ ညီအစ်ကို မောင်နှမများအနေနဲ့ တိုင်းရင်း သားများနှင့် ဒေသအသီးသီးက ရရှိခဲ့တဲ့ အတွေ့အကြုံ၊ ဗဟုသုတများကို အရင်းခံပြီးတော့ နိုင်ငံတော် ရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို တတ်နိုင်တဲ့ဖက်ကနေပြီး၊ ဆက်လက်ပြီး ဆောင်ရွက်သွားကြပါလို ကျန်တော့် အနေနဲ့လည်း တိုက်တွန်းလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့လည်း ပြည့်စုံကြပါစေလို့လည်း ဆုတောင်းမေတ္တာပို့သလိုပါတယ်။ နောက်လတ်တော်ကြီးကလည်းပဲ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရင်းနဲ့ ရောက်ရာအရပ်ကနေပြီးတော့ ကျန်တဲ့ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံ့အကျိုးကို ဆထက်တပိုး သယ်ပိုးဆောင်ရွက်ရင်းနဲ့ အောင်မြင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းင်္ငံ့ ပြည့်စုံဉ်ပါစေ။(သြဘာသံများ)

## ပြည်သူ့လတ်တော်ရှိ ပါတီများမှ လတ်တော်ကိုယ်စားလှယ်များက နှုတ်ဆက်အမှာစကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ချင်းတိုးတက်ရေးပါတီက ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ Democracy Unau pawl, nau zungtha cio maw ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျန်တော်တို့ဘာသာနဲ့ နှုတ်ခွန်းဆက်သလိုက်တာပဲ ဖြစ်ပါတယ်။ ကျန်တော်တို့ချင်းတွေက ပထမဦးဆုံး တွေ့တွေ့ချင်း nau zungtha cio maw ကောင်းမွန်စွာ နိုးထကြရဲ့လားလို့ နှုတ်ခွန်းဆက်လေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျန်တော့်အနေနဲ့ တစ်ခုလေး ရှေးဦးစွာ ပြောချင်တာက ဒီမှာရောက်ရှိလာတဲ့ လတ်တော်ကိုယ်စားလှယ်များ အားလုံးအနေနဲ့

ကျန်တော်တို့နိုင်ငံမှာ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားများတို့ရဲ့ နှုတ်ခွန်းဆက်စကားကို အားလုံး တတ်အောင်လုပ်ပြီးတော့ ဒီလတ်တော်ကြီးထဲမှာ တွေ့ဆုံတဲ့အခါမှာ အဲဒီလိုပဲ နှုတ်ဆက်ကြရအောင်လို့ ကျန်တော့်အနေနဲ့ ရှေးဦးစွာ တောင်းပန်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်ထပ်ပြီးတော့ နှုတ်ဆက်လိုပါတယ်။ Democracy Unau pawl, nau zungtha cio maw ဒီမိုကရေစီညီနောင်များ ကောင်းမွန်စွာနိုးထကြရဲ့လားလို့ အဓိပ္ပာယ် ရပါတယ်။ အခုလို နှုတ်ခွန်းဆက်စကားကို ပါတီရဲ့ကိုယ်စားပြောကြားခွင့်ရရှိစေတာရော၊ အတူတကွ နှုတ်ဆက်ပွဲမှာပါဝင်ခွင့်ရအောင် စီစဉ်ပေးပါသော ချစ်ခင်ရိုသေလေးစားရပါတဲ့ လတ်တော်ဥက္ကဋ္ဌကြီး နှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါတယ်။

ကိုယ်စားလှယ်များခင်ဗျား။ ခွဲခွါမနှုတ်ဆက်စကားဖြစ်ပေမယ့် ကျန်တော်တို့တစ်တွေ ငါးနှစ် ကာလသက်တမ်းမှာ တာဝန်ကိုအပြည့်အဝထမ်းဆောင်ခဲ့ကြတဲ့ ဂုဏ်ပြုပွဲလို့ပဲ သတ်မှတ်နိုင်တဲ့ အတွက် အားလုံးနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ဤလတ်တော် ကြီးနဲ့အတူ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်များရဲ့ တွန်းအား၊ စွမ်းဆောင်အားတို့နဲ့ နေရာ ဒေသအသီးသီးနဲ့ အထူးသဖြင့် ချင်းပြည်နယ်မှာ အရွေ့တစ်ခုဖြစ်လာတယ်ဆိုတာကို ပြောပြလိုပါ တယ်။ မော်လင့်သလောက် မပြောင်းလဲသေးပေမယ့် အထိုက်အလျောက်ပြောင်းလဲတဲ့ ပြောင်းလဲမ တွေကိုတော့ အသိအမှတ်ပြုရမှာပဲဖြစ်ပါတယ်။ အဲဒီပြောင်းလဲမများထဲက တချို့ကိုပြောပြမယ်ဆိုရင် တိုးတက်ဖွံ့ဖြိုးဖို့ရန် အဓိကအခြေခံကျတဲ့ လမ်းတံတားသစ်များဖောက်လုပ်တည်ဆောက်ခြင်း၊ မီးလင်း ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ အဆောက်အဦးများ တိုးတက် လာခြင်းတို့ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် လမ်းတံတားများတည်ဆောက်ခြင်းကြောင့် ယခင် ၂၀၁၁ မတိုင်မီက ချင်းပြည်နယ် တစ်ခုလုံးမှာ မြို့ကိုသွားလိုက ခြေလျင်ခရီးဖြင့်သာ သွားလာရပါတယ်။ ဆိုင်ကယ်ဆိုတာမြင်တောင် မမြင်ဘူးကြပါဘူး။ မြို့ရောက်ဖို့လမ်းမှာ တစ်ညအိပ်နှစ်ရက်သွားရတဲ့ခရီးတွေ များပါတယ်။ ကျန်တော် ကိုယ်တိုင်လည်း တာဝန်ကျတဲ့ကျေးရွာမှ ဌာနဆိုင်ရာအစည်းအဝေးကို တက်ရောက်ရန် မြို့ (ဖလမ်းမြို့)သို့ တစ်ညအိပ်နှစ်ရက်ခရီးကို ခြေလျင်နဲ့လျှောက်ခဲ့ရပါတယ်။ သို့သော် ဒီနေ့ ထိုခရီးကို သွားရန်အချိန် ငါးနာရီမျှပဲ လိုပါတော့တယ်။ ကျေးရွာတိုင်းမှာ ဆိုင်ကယ်စီးနိုင်တဲ့ အရွယ်ရှိသူတိုင်း ဆိုင်ကယ်များပိုင်ဆိုင်ကြပြီး မြို့ပေါ်သို့ ဆိုင်ကယ်ဖြင့် အလွယ်တကူသွားလာနိုင်ကြပြီဖြစ်ပါတယ်။

သို့သော် ဆယ့်နှစ်ရာသီလမ်းများမဖြစ်သေး၍ ဆက်လက်လုပ်ဆောင်ရန်တော့ လိုအပ်နေပါသေးတယ် ဆိုတာကိုလည်း အသစ်တက်လာမယ့် လတ်တော်ကိုယ်စားလှယ်များမှ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က သစ်သားရေတလျောက်များကို ခုတ်ထွင်းပြီး ရေသွယ်ကြရတဲ့ ကျေးရွာများမှာလည်း ယခုတော့ ရေပိုက်ကိုယ်စီဖြင့် ရေသွယ်ယူကြနေပြီဖြစ်ပါတယ်။ သဘာဝ ဘေးဒဏ်သင့်ဒေသများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် လုပ်ဆောင်နေတာတွေ့မြင်ရပါတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင်လည်း ယခင်ကထက် များစွာ ပြောင်းလဲတိုးတက်လာတာ တွေ့ရပါတယ်။ သို့သော် ဝန်ထမ်းများလုံလောက်မတော့ မရှိသေးပါ။ ဒီငါးနှစ်တာကာလအတွင်းမှာ ကဏ္ဍအားလုံးမှာ လတ်တော်ကိုယ်စားလှယ်များက မိမိတို့ရဲ့မဲဆန္ဒနယ် များအတွက် စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့ကြပြီး အထိုက်အလျောက် ကျေနပ်မရရှိကြမယ်လို့ ယုံကြည် ပါတယ်။

ကျန်တော်တို့ ပြည်နယ်တွေကိုလည်း ပြည်မကြီးနဲ့အတူ လာမယ့်လတ်တော်သက်တမ်းမှာ ဆက်လက်တိုးတက်ဖွံ့ဖြိုးလာအောင် အသစ်ရောက်လာမယ့် လတ်တော်ကိုယ်စားလှယ်များနဲ့ အစိုးရ တို့မှ ဆက်လက်လုပ်ဆောင်ကြမှာဖြစ်လို့ ချင်းပြည်နယ်ဟာ ကျန်တော်တို့ ပြည်ထောင်စုတစ်ဝှမ်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်အတူ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်တဲ့ဖက်ဒရယ်ဒီမိုကရေစီ ချင်းပြည်နယ်ဖြစ်စေလိုပါကြောင်း ဆုမွန်ကောင်းတောင်းရင်း ဒီမိုကရေစီညီနောင်များကို နှုတ်ခွန်း ဆက်သရင်း နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ လတ်တော်ငါးနှစ် သက်တမ်းကို အောင်မြင်စွာ လမ်းပြပို့ဆောင်ပေးသော ဘုရားသခင်ကို ချီးမွမ်းပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော် များရှင်။ ကျန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်။ ကျန်မက ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီဝင်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်အပြီး ပြည်သူ့လတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင် မဖြင့် ပြည်သူ့လတ်တော်ကျင်းပသည့် ငါးနှစ်တာကာလကို ပြန်လည်သုံးသပ်ရပါက ပြည်သူများနှင့်

နိုင်ငံတကာနိုင်ငံရေးလေ့လာသုံးသပ်သူများ မျော်လင့်ထားသည်များထက်ပြင် ဤလတ်တော်ကြီးဟာ အသက်ဝင်ပါတယ်။ ဒါကိုမည်သူမျှ ငြင်းလို့မရတဲ့အချက် ဖြစ်ပါတယ်။ အစိုးရကို ထိရောက်သော Check and Balance လုပ်နိုင်ခြင်း၊ တိုင်းရင်းသားအမတ်များနှင့် အခြားအတိုက်အခံအမတ်များ၏ အသံများ လတ်တော်တွင် တစ်စုံတစ်ရာ ထင်ဟပ်နိုင်ခြင်း၊ ဖန်တီးပေးနိုင်ခြင်းစသည်တို့ဟာ သာဓက ဖြစ်နေပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ပါလီမန်(ခေါ်)လတ်တော် နိုင်ငံရေး ကျင့်သုံးသည့်ကာလဟာ နှစ်ပေါင်း ၁၈၊ ၁၉ နှစ်ခန့်သာ ရှိသေးသည့်အတွက် အလွန်နုနယ်သေးတဲ့ လတ်တော်လို့ပြောလို့ရပါတယ်။ ထို့ကြောင့် တဖြည်းဖြည်းနဲ့ ပိုမိုခိုင်မာအသက်ဝင်လာအောင် လုပ်ဆောင်ရမည့်အပိုင်းဖြစ်သောကြောင့် အခြေခံအုတ်မြစ်ဖြစ်သည်ဟုလည်း ဆိုရပေမည်။ တစ်နည်း အားဖြင့် အကောင်းမြင်ရပေမည်။ တစ်ဖက်မှာ ငါးနှစ်ဆိုသည့်ကာလတစ်ခုအတွင်း လတ်တော်က ဆောင်ရွက်နိုင်ခဲ့သင့်ပေမယ့်၊ ပြည်သူလူထု၏ဆန္ဒကို မဖော်ဆောင်နိုင်ခဲ့သည့် အပိုင်းများလည်း မနည်းမနောရှိတာကိုလည်း တွေ့ရပါမည်။ အဓိကအားဖြင့် ဝမ်းနည်းစရာ အကောင်းဆုံးက သန်း ၅၀ သော ပြည်သူလူထု၏လိုလားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်ဆင်နိုင်ခဲ့ခြင်းဘဲဖြစ်ပါတယ်။ ဤအချက်ကြောင့် ပြည်သူများအပေါ် တာဝန်မကျေပွန်မများရှိသည်ဟု မှတ်ချက်ပြုမိပါတယ်။

ထို့အပြင် တချို့အပိုင်းမှာ လတ်တော်အနေနဲ့ ဒီမိုကရေစီအများစု ဆန္ဒသဘောထားဆိုသည်ကို အသုံးချပြီး တိုင်းရင်းသားလူနည်းစုများအခွင့်အရေး ဥပမာ- ဗုဒ္ဓဘာသာဝင်မဟုတ်သော လူနည်းစု ဘာသာခြားများအပေါ် ဒုက၊ ဝန်ထုတ်ဝန်ပိုးဖြစ်စေမည့် ဥပဒေများပြဋ္ဌာန်းထားမျိုး ဝမ်းနည်းစရာများ ရှိနေပါတယ်။ မိမိတို့ပါတီအနေဖြင့် လတ်တော်ကဏ္ဍကိုပိုမိုအသက်ဝင်လာရေးအတွက် အောက်ပါ အတိုင်းအပြုသဘောဆောင်ပြီး အကြံပြုတင်ပြလိုပါတယ်။

(၁) လတ်တော်ဖွဲ့စည်းပုံပြောင်းလဲရန် လတ်တော်ကို လူမျိုး၊ ပြည်နယ်ကိုအခြေခံသော အမျိုးသားလတ်တော်နှင့် လူဦးရေကို အခြေခံသော ပြည်သူ့လတ်တော်စသည်ဖြင့် လတ်တော်နှစ်ရပ် စနစ်ကျင့်သုံးသင့်ပါတယ်။ အခုပုံစံက ပြည်ထောင်စုလတ်တော်ဆိုတာ ထပ်ဆင့်ဖွဲ့စည်းတဲ့အတွက် လတ်တော် သုံးရပ်ပုံစံဖြစ်နေပါတယ်။ တစ်နည်းအားဖြင့် ပြည်ထောင်စုလတ်တော်ဆိုတာ မရှိသင့်ပါ။ လတ်တော်နှစ်ရပ်စနစ်နဲ့ သမတစနစ်ကျင့်သုံးတဲ့ အမေရိကန်နိုင်ငံမှာလည်း ပြည်ထောင်စုလတ်တော် မရှိပါဘူး။ (၂) အမျိုးသားလတ်တော်ဟာ လူမျိုးများအသီးသီးတည်ရှိတဲ့ အခြေခံသည့်အတွက် တိုင်းရင်းသားလူမျိုးများအရေး၊ စာပေယဉ်ကျေးမှု၊ ဘာသာရေး၊ လူမရေး၊ နယ်စပ်ရေး၊ ဘိုးဘွားပိုင် နယ်မြေနှင့် ဓလေ့ထုံးတမ်းစသည်များကို အမျိုးသားလတ်တော်တစ်ခုတည်း၏ သီးခြားအာဏာအဖြစ်

လုပ်ပိုင်ခွင့်အပ်နှင်းသင့်ပါတယ်။ ဤသို့လုပ်ဆောင်မှသာ တိုင်းပြည်၏လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်သာ ရှိသော တိုင်းရင်းသားလူနည်းစုများအတွက် အကာအကွယ်ရှိမည်ဖြစ်ပါတယ်။ လတ်တော်တွင် လူအများစုအာဏာရှင်စနစ်ကို မရှိတော့ပါ။ (၃) လတ်တော်၏ရေးရာကုမဏီများနှင့် ရေးရာကော်မရှင်များ ပိုမိုအသက်ရှင်အောင် ဆောင်ရွက်သင့်ပါတယ်။ ပါလီမန်စနစ်ကိုကျင့်သုံးတဲ့ နိုင်ငံများတွင် ရေးရာကော်မတီ၊ ကော်မရှင်များ အားကောင်းရန် မလိုအပ်သော်လည်း သမတစနစ်ကို ကျင့်သုံးတဲ့ မြန်မာနိုင်ငံတွင် ရေးရာကော်မတီနှင့် ကော်မရှင်အားကောင်းဖို့ အင်မတန်အရေးကြီးပါတယ်။ ဒါမှသာ ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးကဏ္ဍကို တကယ် Check and Balance ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံလိုမျိုးတွင် ရေးရာကော်မတီနှင့်ကော်မရှင်များကို တတ်သိပညာရှင်များနဲ့ ငွေကြေးအင်အား တောင့်တောင့်တင်းတင်းဖြင့် ဖွဲ့စည်းပြီး အုပ်ချုပ်ရေးကဏ္ဍကို ထိထိရောက်ရောက် ထိန်းကျောင်းထားသည်ကိုလည်း တွေ့ရပါတယ်။ သို့တင်မက လတ်တော်သုတေသနဝန်ဆောင်မှုအဖွဲ့ကိုလည်း တတ်သိပညာရှင် ၄၀၀ ကျော်ဖြင့် ဖွဲ့စည်းပြီး လတ်တော်အားကောင်းအောင် တည်ဆောက်ထားသည်ကိုလည်း တွေ့ရှိရပါတယ်။

နိဂုံးချုပ်အနေဖြင့် ငါးနှစ်တာကာလအတွင်း လတ်တော်ကြီးက လုပ်ဆောင်သည့် အချက်များထဲကအားနည်းချက်များကို သင်ခန်းစာအဖြစ် လက်ခံပြီး၊ အားသာချက်များကောင်းမွန်သည့် အစဉ်အလာကောင်းများကို နောက်နောင်တက်လာမည့် လတ်တော်များအတွက် ဂုဏ်ယူအပ်သော အမွေအနှစ်တစ်ရပ်အဖြစ် လက်ဆင့်ကမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ ချစ်ခင်ရိုသေလေးစား အပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင့်။ မင်္ဂလာပါလို့ ဦးစွာဝတ်ခွန်းဆက်အအပ်ပါတယ်။ ကျန်မကတော့ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)ရဲ့ကိုယ်စား ဂုဏ်ပြုနှုတ်ဆက် အမှာစကား ပြောကြားမယ့် ပါတီဗဟိုတွဲဖက်အတွင်းရေးမှူး ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ဖြစ်ပါတယ်ရှင်။ ယခုကဲ့သို့ ပထမအကြိမ် ပြည်သူ့လတ်တော် အစည်းအဝေးသို့

တက်ရောက်ခွင့်ရရှိခဲ့တဲ့ ပါတီများရဲ့ ရင်းတွင်းဖြစ်များကို ထုတ်ဖော်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင့်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ ငါးနှစ်တာသက်တမ်းပြည့်ပြီဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ရဲ့ တန်ဖိုးအရှိဆုံးဖြစ်တဲ့ အချိန်များစွာကို နိုင်ငံတော်နှင့် ပြည်သူများအတွက် ပေးအပ်ရင်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ အစွမ်းကုန်ကြိုးစား အားထုတ်ခဲ့ကြပါတယ်။ မြန်မာ့ဒီမိုကရေစီခရီးစဉ်ရဲ့ ပထမခြေလှမ်းကို အောင်မြင်စွာ လျှောက်လှမ်းခဲ့ကြပြီးဖြစ်ပါတယ်။ သာယာချောမွေ့တဲ့ ပန်းခင်းလမ်းကို ဖြတ်သန်းခဲ့ခြင်းတော့ မဟုတ်ပါ။ နှစ်ပေါင်းများစွာ ဝေးကွာသွားပြီးဖြစ်တဲ့ ဒီမိုကရေစီခရီးကြမ်းကို အခက်အခဲများစွာနဲ့ ပြန်လည်စတင် လျှောက်လှမ်းခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။ ဒီခရီး၊ ဒီလမ်းမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ဦးဆောင်မဖြင့် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာအယူဝါဒစွဲ မထားကြဘဲ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမယ့်ကိစ္စရပ်များကိုသာ အဓိကထားခဲ့ကြပါတယ်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော အများစု၏ဆန္ဒကို သဘောတူညီခြင်းနှင့်အတူ အနည်းစု၏သဘောထားကိုလည်း မျက်ကွယ်မပြုဘဲ အလေးထားဆောင်ရွက်ခဲ့ကြသဖြင့် လိုရာခရီးတစ်ထောက်သို့ အောင်မြင်စွာ ဆိုက်ရောက်ခဲ့ပြီးဖြစ်တယ်လို့ မိမိတို့ပါတီက ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင့်။ တန်းတူညီမျှအခွင့်အရေးရရှိခြင်းသည် တရားမျှတမှုရှိသည်ဟု မှတ်ယူ၍မရပါ။ အင်အားနည်းပါးသူ၊ အရာရာတွင်နိမ့်ကျသူ၊ နောက်ကျကျန်ရစ်သူများကို အခွင့်အရေးပိုမိုရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့်သာ တရားမျှတမှုရှိသော တန်းတူညီမျှအခွင့်အရေးကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ပြောင်းလဲချိန်တန်ပြီဖြစ်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များ ပြောင်းလဲလာမအပေါ် ကြိုဆိုဂုဏ်ပြုခြင်းနှင့်အတူ မိမိတို့ပါတီ၏ ပြောင်းလဲသွားခြင်းမရှိသည့် နိုင်ငံရေးလမ်းစဉ်ကိုလည်း အလျဉ်းသင့်၍ တင်ပြလိုပါတယ်။ မိမိတို့ပါတီ၏ ရည်မှန်းချက်ပန်းတိုင်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တည်ငြိမ်အေးချမ်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ တရားမျှတမှုရှိသော အခွင့်အရေးများကို ထိထိရောက်ရောက် ရယူခံစားရရှိပြီး တန်းတူညီမျှသော အခြေအနေသို့ ရောက်ရှိနေထိုင်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဆက်လက်ကြိုးပမ်းသွားရန်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ပူးပေါင်း

ဆောင်ရွက်သင့်သူ အားလုံးနှင့်အတူ ညှိနှိုင်းပေါင်းစပ်၍ ရှေ့ခရီးသို့ လျှောက်လှမ်းသွားမည် ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပထမအကြိမ် လွှတ်တော်သက်တမ်း ငါးနှစ်တာကာလ၌ ပြည်သူ့လွှတ်တော်တွင် မိမိတို့ပါတီမှ ကိုယ်စားလှယ်မှာ မိမိတစ်ဦးသည်သာ ပါဝင်ခဲ့သော်လည်း လွှတ်တော်အတွင်း၌ တရားမျှတသည့် ပြောဆိုဆွေးနွေးခွင့်နှင့် အမှန်တရားအပေါ် အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများကိုပါ ရရှိခဲ့သဖြင့် ငါးနှစ်တာကာလအတွင်း မိမိတို့ရည်မှန်းထားသော လုပ်ငန်းစဉ်များကို ၁၀၀ ရာခိုင်နှုန်းပြည့်လုနီးပါး အောင်မြင်စွာတင်ပြဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိနေသေးသောလုပ်ငန်းများနှင့် အနာဂတ်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လွှတ်တော်ပြင်ပမှ ဒုတိယအကြိမ်ကျင်းပမည့်လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အသစ်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ထပ်မံတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပြောင်းလဲခြင်းကို လိုလားလျက်ရှိသော မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးသည် အဓိကအရေးကြီးဆုံးဖြစ်ရာ ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားပြည်သူများအတွင်း နွေးထွေးသောချစ်ခြင်းမေတ္တာကို အပြန်အလှန်ပေးအပ်ထားရှိရန်လိုအပ်နေပါတယ်။ ထို့အတူ အတိတ်မှ နာကြည်းကြေကွဲချက်များ၊ မုန်းတီးမှုများကိုလည်း အပြီးတိုင်စွန့်လွှတ်နိုင်မှသာ အချင်းချင်း ခွင့်လွှတ်ခြင်းမှရရှိသော စစ်မှန်တည်မြဲသည့် ငြိမ်းချမ်းမှုကို ကိုယ်စိတ်နှစ်ပါးစလုံး ခံစားနိုင်မှာဖြစ်ပါတယ်။ နှစ်သစ်နဲ့အတူ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများမှရရှိသော ရလဒ်ကောင်းများဖြင့် တိုင်းပြည်ကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြလိမ့်မည်ဟုလည်း အပြည့်အဝယုံကြည်မျှော်လင့်ပါတယ်။ မကြာမီ ပထမအကြိမ်ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို ဆက်လက်ဖော်ဆောင်ပေးကြမယ့် ကိုယ်စားလှယ်တော်ကြီးများကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်ပြုကြိုဆိုပါတယ်။ ထိုအတူ ကျန်မနှင့်အတူ ဤလွှတ်တော်ကြီးထဲတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ပျော်ရွှင်ခြင်း၊ ကြေကွဲခြင်းများကို အတူဝေမျှခံစားရင်း ငါးနှစ်တာခရီးကို လျှောက်လှမ်းခဲ့ကြပြီး ခရီးတစ်ထောက်ရပ်နားကြမယ့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကိုလည်း ဂုဏ်ပြုနှုတ်ဆက်ပါတယ်။ အစဉ်မြဲ မမေ့မပျောက်အမှတ်ရနေမှာဖြစ်ပါတယ်။ အထူးသဖြင့် ကမာပေါ်မှာအရှည်ကြာဆုံးလို့ သတ်မှတ်ရမယ့် ပြည်တွင်းပဋိပက္ခများကြားမှာ ဒုက္ခပေါင်းစုံကို ခါးဆီးခံနေရတဲ့ မိမိတို့တိုင်းရင်းသားများအတွက် ရဲဝံ့ပြတ်သားစွာဖြင့်

ကူညီဆောင်ရွက်ပေးခဲ့ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား မိမိတို့ပါတီက အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။ အနာဂတ်မှာလည်း တိုင်းရင်းသားပြည်သူများအရေးနှင့် ဒွန်တွဲလျက်ရှိသော ငြိမ်းချမ်းရေးခရီးစဉ် အောင်မြင်ရေးအတွက် တွဲလက်ညီညီနဲ့ အားလုံးအတူတကွပူးပေါင်းဆောင်ရွက်သွားကြပါစို့လို့ ဆန္ဒပြုဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တအောင်း(ပလောင်) အမျိုးသားပါတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအိုက်မုန်း(မန်တုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော နာယကကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်တော်ကတော့ တအောင်း(ပလောင်) အမျိုးသားပါတီရဲ့ ဥက္ကဋ္ဌ၊ တအောင်း(ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ၂၀ ရာစုနှစ်ရဲ့ ပထမဆယ်စုနှစ်လောက်မှာ အရှေ့အလယ်ပိုင်းဒေသများတွင် အာရပ်နွေဦး ဖြစ်ပေါ်ခဲ့တဲ့အချိန်ကာလဖြစ်ပါတယ်။ အလားတူကာလဝန်းကျင်မှာ အရှေ့တောင်အာရှပါဝင်တဲ့ မိမိတို့ရဲ့နိုင်ငံမှာလည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်မလားလို့ တစ်ကမာလုံးက တထင့်ထင့်နဲ့ စောင့်ကြည့်နေကြတဲ့အချိန် မိမိတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို ချောမောစွာ အောင်အောင်မြင်မြင်လဲပြောင်းနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂအပါအဝင် တစ်ကမာလုံးက ရင်သပ်ရှုမောအံ့သြချီးကျူးမဆုံးဖြစ်မိပါတယ်။ လွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ၁၀ နှစ်ကျော်ကျော်လောက်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ခက်ခက်ခဲခဲကျင့်သုံးနိုင်ခဲ့ပါတယ်။ အာဏာရှင်စနစ်အောက်မှာ နှစ် ပေါင်း ၅၀ နီးပါးမျှ တစ်ဆက်တည်းနေခဲ့ရလို့ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်ထုံးတွေကို မမှတ်မိနိုင်လောက်အောင် အဆက်ပြတ်ခဲ့ရပါတယ်။

သို့သော် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးများတို့ရဲ့ အမြော်အမြင်ကြီးမားမှု၊ မဆုတ်မနစ်ကြိုးစားမှု၊ နိုင်ငံတကာမှပါလီမန်များ(IPU)နှင့်အရှေ့တောင်အာရှနိုင်ငံများ၏ ဝိုင်းဝန်းကူညီမှုကြောင့် အချိန်တိုအတွင်းမှာပဲ အခြားနိုင်ငံများရဲ့လွှတ်တော်၊ ပါလီမန်များနှင့်တန်းတူရင်ဘောင်တန်း လိုက်မှီနိုင်ခြင်းဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များသာမက လတ်တော်ကော်မတီများ၊ လတ်တော်ကော်မရှင်များနှင့် လတ်တော်ဝန်ထမ်းများအားလုံး ဘက်စုံ၊ ကဏ္ဍစုံကျရာတာဝန်ကို ဝိုင်းဝန်းကြိုးစားထမ်းဆောင်ကြလို့သာ အချိန်တိုအတွင်းမှာ အောင်မြင်လာခဲ့ရခြင်းဖြစ်ပါတယ်။ လုပ်ငန်းတိုင်းဟာ အားသာချက်၊ အားနည်းချက်ရှိနေမှာ ဖြစ်ပါတယ်။ အားနည်းချက်များကို သင်ခန်းစာအဖြစ်လက်ခံရယူပြီး အားသာချက်များကို ဆက်လက်သယ်ဆောင်သွားရစမြဲဖြစ်ပါတယ်။ မထင်မှတ်တဲ့ စိန်ခေါ်မတွေ၊ အခက်အခဲတွေ အများကြီးကြုံ တွေ့ဖြတ်သန်းခဲ့ရပါတယ်။

ပထမအကြိမ် လတ်တော်မှာ မိမိတို့ တအောင်း(ပလောင်) အမျိုးသားပါတီအနေဖြင့် အခြားသော ညီနောင်ပါတီများနှင့်အတူ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိတာကို ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ နောင် လတ်တော်အဆက်ဆက်များတွင်လည်း ဆက်လက်ပြီး ပါဝင်ဆောင်ရွက်သွားနိုင်ရန် ညီနောင်ပါတီများနှင့်အတူ ကြိုးစားသွားမည်ဖြစ်ပါတယ်။ ပါလီမန်က ဒီမိုကရေစီစနစ်ကိုအာမမခံနိုင်သော်လည်း ပါလီမန်မရှိဘဲနဲ့ ဒီမိုကရေစီမရှိနိုင်ပါ ဆိုတဲ့ဆောင်ပုဒ်အတိုင်း ပါလီမန်၊ လတ်တော်တောင့်တင်းခိုင်မြဲမှသာလျှင် ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မယ် ဖြစ်ပါတယ်။ ပထမအကြိမ် အဆင့်ဆင့်သော လတ်တော်များ၏ အားကြိုးမာန်တက်ဆောင်ရွက်ထားရှိမှု၊ အောင်မြင်မများကို မှတ်တမ်းတင်ဂုဏ်ပြုရင်း ပထမအကြိမ် လတ်တော်အတွေ့အကြုံ ကို အခြေခံပြီး ဒုတိယအကြိမ် လတ်တော် အောင်အောင်မြင်မြင်ချောချောမောမော ဖြတ်သန်းနိုင်ကြပါစေ။ တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း ဆတက်ထမ်းပိုး ပိုမိုကြိုးစားဆောင်ရွက်နိုင်ကြပါစေ။ ပြည်ထောင်စုတိုင်းရင်းသားများ မျှော်လင့်တောင့်တလျက်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သို့ အောင်မြင်ချောမောစွာ တက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့အစီအစဉ်မှာ ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားခွင့်ပေးတဲ့အတွက် ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးအား ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီအနေနဲ့ရော၊ ဒုတိယဥက္ကဋ္ဌ(၁)ဖြစ်တဲ့ကျွန်တော့်အနေနဲ့ပါ ကျေးဇူးအထူးတင်ရှိပါကြောင်း ပဏာမပြောကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စနစ်ပြောင်းကာလလို့ခေါ်ဆိုနိုင်တဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းအချိန်ဒီကာလအတွင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်အနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ဥက္ကဋ္ဌကြီး၏ဦးဆောင်လမ်းညွှန်မှု တစ်နည်းအားဖြင့် လက်တွဲခေါ်ဆောင်မှုများဖြင့် ပြုပြင်ပြောင်းလဲရန်လိုအပ်သည်များအနက် တော်တော်များများကို အခက်အခဲပေါင်းမြောက်မြားစွာထဲက ကျွန်တော်တို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း အတိုင်းအတာတစ်ခုအထိ ထိရောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်ရခြင်းအပေါ် အလွန်တရာမှ ဂုဏ်ယူဝမ်းမြောက်နေရပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်က ဦးအောင်သိန်း ဖြစ်ပါတယ်။ မခွဲခွာရခင် အချိန်ရတုန်း အခြေအနေပေးခိုက်မှာ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြောင်းနှင့် ကျွန်တော့်မဲဆန္ဒနယ်အကြောင်းတွေကို မိတ်ဆက်ပြောကြားချင်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု ပေါ်ထွန်းလာခဲ့ပါတယ်။ ကျွန်တော်တို့ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ခနုဒေသဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တည်ရှိပြီး ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် နှစ်မြို့နယ်ပါဝင်ပါတယ်။ ခနုလူမျိုးက အများစု ၈၅ ရာခိုင်နှုန်း နေထိုင်ကြပြီး ကျွန်လူမျိုးတွေဖြစ်တဲ့ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ ဗမာ အပါအဝင် အခြား တိုင်းရင်းသား ရှစ်မျိုးခန့်နှင့်အတူ အေးအတူပူအမျှ အတူတကွနေထိုင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းကတော့ စိုက်ပျိုးရေးဖြစ်ပါတယ်။ ကော်ဖီပင်ကို အိမ်တိုင်းစေ့နီးပါး မိရိုးဖလာနည်းနဲ့ စိုက်ပျိုးနေကြဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ခနုဒေသဟာ ပြည်ထောင်စုထဲမှာ ထူးခြားတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမကာလ ပင်လုံညီလာခံမှာ ခနုတိုင်းရင်းသား ဦးခွန်စောဟာ လူထု ကိုယ်စားလှယ်အဖြစ် တက်ရောက်ပြီး ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်မှာ တစ်ခုတည်းသော အဖြူရောင်နယ်မြေလည်းဖြစ်ပါတယ်။ ဟိုးအရင်သမိုင်းအစကတည်းက ဖြူခဲ့တာ ဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းဆိုလို့ ရဲတပ်ဖွဲ့ကလွဲရင် ဘာအဖွဲ့အစည်းမှမရှိပါ။ နယ်မြေ အေးချမ်းတဲ့ဒေသဖြစ်လို့ သွားချင်တဲ့နေရာကို သွားချင်တဲ့အချိန်မှာ အချိန်အခါမရွေး၊ နေ့ညမရွေး သွားလို့လာလို့ရတဲ့ နေရာဒေသဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မှာ မြို့နယ်ပေါင်း ၅၅ မြို့နယ်ရှိပါတယ်။ ကျန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ရွာငံမြို့နယ်ဟာလည်း တစ်မြို့နယ်အပါအဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့အနောက်ဘက်အစွန်ဆုံးကျတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးနှင့် အများဆုံးထိစပ်နေတဲ့ ရှမ်းပြည်နယ်ရဲ့အစိတ်ပိုင်းတစ်ခုလည်းဖြစ်ပါတယ်။ မြို့နယ်လူဦးရေရဲ့ ၈၅ ရာခိုင်နှုန်းဟာ ဓနုလူမျိုးဖြစ်ပြီး အဓိကလုပ်ငန်းက စိုက်ပျိုးရေးဖြစ်ပါတယ်။ မန္တလေးကုန်စိမ်းဈေးကွက်ရဲ့ ၃၅ ရာခိုင်နှုန်းဟာ ကျန်တော်တို့မြို့နယ်က ထွက်ကုန်တွေဖြစ်ပါတယ်။ ယဉ်ကျေးမအမွေအနှစ်တစ်ခုဖြစ်တဲ့ ကျောက်ခေတ်လူသားတွေနေထိုင်ခဲ့ရာ ပြဒါးလင်းဂူဟာလည်း ကျန်တော်တို့မြို့နယ်ထဲမှာရှိပါတယ်။ ရွာငံမြို့နှင့် ၁၄ မိုင်လောက်ပဲဝေးပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အထက်မြန်မာပြည်ဆက်သွယ်ရာ မဟာဗျူဟာလမ်းဖြစ်တဲ့ ဟန်မြင့်မိုရ်- ရွာငံ- အောင်ပန်းလမ်းဟာ ရွာငံမြို့ကို တောင်နှင့်မြောက်အလျားလိုက်ဖြတ်သွားပါတယ်။ ဟန်မြင့်မိုရ်ရွာဟာ ကျောက်ဆည်မြို့တောင်ဘက် ခုနစ်မိုင်အကွာ ရန်ကုန်- မန္တလေးလမ်းဟောင်းပေါ်ရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ ဟန်မြင့်မိုရ်ကနေ ရွာငံကို ၄၆ မိုင်ဝေးပါတယ်။ ဟန်မြင့်မိုရ်ရွာကနေထွက်လာလို့ရှိရင် ၁၄ မိုင်လောက်မှ မြို့ကြီးရေလှောင်တမံကို ရောက်မှာဖြစ်ပါတယ်။ မြို့ကြီးရေလှောင်တမံကနေ ဆက်လက်ထွက်ခွာမယ်ဆိုရင် ရွာငံမြို့ကိုမရောက်ခင် သဘာဝအတိုင်းရှိနေဆဲဖြစ်တဲ့ သဘာဝတောတောင်အလှအပတွေကို မျက်စေ့တဆုံးရှုမြင်ကြရမှာဖြစ်ပါတယ်။ ရွာငံမြို့ဟာ မန္တလေးနှင့်တောင်ကြီးခရီးတစ်ဝက်ဖြစ်ပါတယ်။ ဟိုဖက်ဒီဖက် မိုင် ၈၀ ကျော်စီဖြစ်ပါတယ်။ အောင်ပန်းမြို့နဲ့ဆိုရင် ၄၃ မိုင်ဝေးပါတယ်။ ပြဒါးလင်းဂူကို ကြည့်ရှုလေ့လာနိုင်ဖို့ ပေ ၇၀၀၀ ကျော်မြင့်တဲ့ ရွှေမြင်နောက်မြင်တောင်၊ မြသပိတ်ရေပြာအိုင်စတဲ့ သဘာဝတောတောင်အလှအပတွေကို ကြည့်ရှုခံစားနိုင်ဖို့ တစ်ခါတစ်ခေါက်လောက် အလည်လာခဲ့ကြပါလို့ ဓနုတိုင်းရင်းသားများကိုယ်စား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ခေါ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မနက်ဖြန်၊ သဘက်ခါဆိုရင် ကျန်တော်တိုတော်တော်များများဟာ တာဝန်တွေပြီးဆုံးလို့ နှုတ်ဆက်ခွဲခွာကြရတော့မှာ ဖြစ်ပါတယ်။ ကမာကြီးဟာ ကျဉ်းကျဉ်းလေးဖြစ်တာမို့ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်လည်တွေ့ဆုံကြရလိမ့်မယ်လို့ ကျန်တော့်အနေနဲ့ ယုံကြည်မျော်လင့်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်လူကြီးများ၊ လတ်တော်ရုံးဝန်ထမ်းများ၊ ဧည့်သည်တော်များအားလုံး ဘေးဘယာဝေးကွာကြပါစေ။ ကိုယ်စိတ်

နှစ်လုံး ငြိမ်းအေးကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒနှင့်ပြည့်ဝနိုင်ကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းင်္နှင့် ပြည့်စုံကြပါစေ။ ကျန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အင်းတိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငါးနှစ်တာ ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွေမှာ အုတ်တစ်ချပ်သဲတစ်ပွင့်အနေနဲ့ ပါဝင်ခွင့်ရတဲ့ အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တိုင်းရင်းသားညီကို မောင်နှမအားလုံးနှင့် ခင်မင်ရင်းနှီး ခွင့်ရပြီး ကိုယ်စားလှယ် တာဝန်များကိုလည်း တန်းတူညီမျ ကော်မတီအသီးသီးမှာ၊ လွှတ်တော် အစည်းအဝေး အသီးသီးမှာ ထမ်းဆောင်ခဲ့ကြတာကိုလည်း မေ့လို့ရတဲ့ ကိစတွေ မဟုတ်ပါဘူးဆိုတာ ကောင်းစွာ သဘောပေါက်မိပါတယ်။

ကျန်တော်က ညောင်ရွှေမြို့နယ် အင်းလေးဒေသကလာတယ်ဆိုတော့ အင်းလေးဒေသ အကြောင်း အနည်းငယ်တင်ပြချင်ပါတယ်။ ရှေးနှစ်ပေါင်းများစွာကတော့ အင်းလေးကန်ရဲ့ ပတ်ဝန်း ကျင်မှာ ပျူလူမျိုးများ နေထိုင်ခဲ့တဲ့ အထောက်အထားတွေ တွေ့ရပါတယ်။ ညောင်ရွှေမြို့နယ်ကို သာကီဝင် မင်းအနွယ်ဝင်ဖြစ်တဲ့ စော်ဘွားကြီးဟာ ဗောရိဿဒ်ဘုရားအနီး ကော်သမီမြို့အမည်နဲ့ အုပ်ချုပ်နေစဉ် ကော်ဇာသကရာဇ် (၄၇၅)ခုနှစ်မှာ တရုတ်တွေဖျက်ဆီးခြင်းကြောင့် မိုင်းသောက်နဲ့ သလဲဦးအကြား ပေပင်အင်ရွာကို ရမာဝတီ အမည်ဖြင့် မြို့တည်ထောင်ခဲ့ပါတယ်။

ဒီမြို့ဟာလည်း အနောက်ဘက်ဒေသရှိမှာတဲ့ ဟဲဟိုးသီခေါင်နယ်ဘက်မှ တောင်ပြိုခြင်းကြောင့် ဟဲဟိုးဒေသမှ ရေအင်များဟာ ညောင်ရွှေအင်းသို့ စီးဝင်ခဲ့လို့ ရမာဝတီမြို့ကြီးလည်း ရေဘေးကြောင့် ပျက်စီးခဲ့ရပါတယ်။ ထို့နောက် မန်ကျည်းစင်မှာ ပြောင်းရွှေ့ပြီး စော်ဘွားမင်းအဆက်ဆက်စိုးစံခဲ့ရာ ရာဆီဆိုင်ဖစော်ဘွားလက်ထက်မှာ ရေညောင်ပင်ပေါက်ရာအရပ်၌ ကောဇာသကရာဇ် (၇၂၀)မှာ

မြို့သစ်တည်ထောင်အုပ်ချုပ်ခဲ့ပါတယ်။ ရေအဆင်းရှိဗောဓိညောင်ပင်ပေါက်သည်ကို အစွဲပြုပြီး ညောင်ရွှေမြို့လို့ ဒီနေ့အထိ ခေါ်ဝေါ်လျက်ရှိပါတယ်။ ကောဇာသက္ကရာဇ် (၈၇၂)ခုနှစ်မှာ ဟဲယာရွာ၊ ရွာကြီးရွာ၊ နန်းပန်ရွာ၊ နောင်တောရွာ ရွာ လေး ရွာကို အင်းရေပြင်မှာ စတင်တည်ထောင်ပြီး အင်း(၄) ရွာလို့ ဂဏန်းသချာ(၄)ဂဏန်းနဲ့ စတင်သမုတ်ခဲ့ပါတယ်။ နောင်ကာလကြာတော့ အခုခေါ်ဆိုနေတဲ့ အင်းလေးလို့ ဖြစ်ပေါ်လာပါတယ်။ အင်းသားလူမျိုးများနဲ့ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး လူမျိုးများ နေထိုင်ကြပါတယ်။

ဗုဒ္ဓဘာသာကို ကိုးကွယ်ကိုင်းရှိုင်းတဲ့ လူမျိုးများပီပီ ယဉ်ကျေးမများထွန်းကားပြီး ယက်ကန်းလုပ်ငန်း၊ ရွှေခြိုလုပ်ငန်း၊ ပန်းဘဲ၊ ပန်းထိမ်၊ ပန်းပု၊ အိုးလုပ်များနဲ့ နိုင်ငံခြားသားခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွား အမှတ်တရ လက်ဆောင်ပစည်းလုပ်ငန်းများ ထွန်းကားပါတယ်။ လွန်ခဲ့တဲ့ နှစ်လေးငါးခြောက် ဆယ်က တာဝတသာနန္ဒာကန်လော၊ တူစွဟုတာလို့ တင်စားခဲ့တဲ့ ကျန်တော်တို့ ညောင်ရွေ အင်းလေးကန်ကြီးဟာ ကမာကြီးပူနွေးလာမနဲ့ သဘာဝပတ်ဝန်းကျင်တို့ကြောင့် ၂၀၁၀ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်ကတစ်ကြိမ်၊ ရေနည်းခမ်းခြောက်မနဲ့ ကြုံခဲ့ရပြီး ခရီးသွားလာမအခက်အခဲများ ကြုံခဲ့ရပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၅၀ ရှိတဲ့ ကျန်တော်တို့ အင်းလေးဒေသကို ၂၀၀၃ ခုနှစ်မှာ အာဆီယံအမွေအနှစ်လို့ သတ်မှတ်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ မေလမှာ ယူနက်စကိုမှ ထိမ်းသိမ်းရမယ့် ကုန်းတွင်းစိုစွတ်ရေတိမ်ပိုင်းဇီဝအဝန်းနယ်မြေလို့ သတ်မှတ်ခဲ့ပါတယ်။ လောပိတရေအားလျပ်စစ်အတွက် ၁၉၅၈ ခုနှစ်မှာ ဖယ်ခုံအင်းကို တည်ဆောက်ပြီး ၁၉၆၂ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ အင်းလေးကန်မှာ ၁၉၉၂ ခုနှစ်လောက်က ရေရုတ်တရက်ကြီးလာမကြောင့် ဒယ်အိုးပုံသဏ္ဍာန်ဖြစ်နေတဲ့ မြစ်ကျဉ်းနေရာဖြစ်တဲ့ တုံဟုန်းတံတားနားမှာ ဘက်ဟိုးတွေနဲ့ ရေဆင်းကောင်းအောင်တူးခဲ့ပါတယ်။ ရေဆင်းနည်းအောင် သဘာဝက စီစဉ်ပေးတဲ့ တရုတ်လှေထမ်းကွေ့မှာလည်း အဖြောင့်တူးလိုက်ပါတယ်။ အဲဒီကစ ရေတဖြည်းဖြည်းပိုလို့ နည်းခဲ့ပါတယ်။ အခုတော့ ဆည်မြောင်းဌာနနဲ့ သစ်တောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ ပြည်သူလူထုနဲ့ ပူးပေါင်းပြီးတော့ ရာဘာ Tube ဖြင့် ချောင်းကျယ်ကို ကျဉ်းအောင်ပြုလုပ်ပါတယ်။ အခုရာဘာ Tube နှစ်ခု တည်ဆောက်ပြီးလို့ ရေတစ်နေ့ ရှစ်လက်မလျော့နည်းရာကနေ တစ်နေ့ လေး လက်မ လောက်ဘဲ လျော့နည်းနေပါတယ်။ စကားဒေသတုံဟုန်း တံတားအထိ ပြုလုပ်ပေးနိုင်ရင်တော့ ပိုအဆင်ပြေမှာဖြစ်ပါတယ်။ နိုင်ငံတကာမှ ပညာရှင်များနဲ့ နိုင်ငံတော်အစိုးရတို့ အင်အား အလုံးအရင်းနဲ့ ပူးပေါင်းကြံစည်ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ယခင်ကလို အင်းလေးကန်ဝဲယာ ကျေးရွာများအထိ လေပြေလေးတဖြူးဖြူး လိုင်းကြက်

ခွပ်လေးတွေ တဖွေးဖွေး မြင်ယောင်မိပါတယ်။ နိုင်ငံတော်သမတကြီးရဲ့စီမံချက်ဖြင့် ရေမရောက်ကုန်း မရောက်ဖြစ်နေတဲ့ ဟဲယာရွာမကို ကားလမ်းဖောက်ပေးနေပါတယ်။ ကမ်းစပ်ရွာတွေမှာတော့ ကိုယ်ထူ ကိုယ်ထ ဆိုင်ကယ်လမ်းတွေ ဖောက်ကြပါတယ်။ ညောင်ရေအင်းလေးဒေသ လျပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးက အင်းလေးမြောက်ခြမ်းမှာ အတော်အတန်ပြည့်စုံလာပြီဆိုရပေမယ့် အင်း(တောင်ပိုင်း) စကားဒေသ၊ တောင်ပေါ်ဒေသတွေမှာ အများအပြားလိုအပ်နေပါသေးတယ်။ ပြည်ထောင်စုလျပ်စစ်ဝန်ကြီးဌာနနဲ့ ပြည်နယ် လျပ်စစ်ဝန်ကြီးက ဟိုတယ်ဇုံမှာ ၆၀ ကေဗွီ လိုင်းအသစ် ဆွဲပြီးရင် အင်း(တောင်ပိုင်း)စကားဒေသအချို့၊ တောင်ပေါ်ဒေသပအချို့ လျပ်စစ်မီးသွယ်တန်းပေး မယ်လို့ ကတိရထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းရင်းသားညီကို လွှတ်တော် ကိုယ်စားလှယ်အပေါင်း၊ အသစ်များခင်ဗျား။ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသကို တစ်ခါ တစ်ခေါက် အလည်ရောက်အောင်လာပါလို့ ဖိတ်ခေါ်ပါရစေ။ ယဉ်ကျေးပျူငှာတဲ့ အင်းသူအင်းသား များဒေသမှာနေကြတဲ့ တိုင်းရင်းသားများအားလုံးနဲ့အတူ အစဉ်အမြဲ စောင့်ကြိုနေပါတယ်။ နောက်ဆုံး အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးသို့ အစဉ်တစိုက် အစိုးရအဆက်ဆက် နိုင်ငံ့တာဝန်များကို ပူးပေါင်းဆောင်ရွက်သွား မယ်လို့ ညောင်ရွှေအင်းလေးဒေသ ပြည်သူလူထုကိုယ်စား၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စား လေးစားစွာ ဂုဏ်ပြုဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဒီစတိတ်စင်ပေါ်မှာ ပထမဦးဆုံးနဲ့နောက်ဆုံးအကြိမ် ဖြစ်ပါလိမ့်မယ်။ စကားပြောရတဲ့အတွက် နည်းနည်းတော့ စိတ်လပ်ရှားမိသလိုဖြစ်ရပါတယ်။ အဲဒီတော့အမှားများ ပါခဲ့ရင်လည်း နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ငါးနှစ်တာကာလအတွင်း ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါ(အွ်ဆံင်းလာဆၞ်)လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီဝင် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ပါတီကိုယ်စား ယခုလို ဂုဏ်ပြုနှုတ်ဆက် စကားပြော ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူမိပါကြောင်းပြောကြားပါရစေရှင်။

ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ထဲမှာ ကျွန်မအမြဲတမ်းအမှတ်ရစေမှာကတော့ ကျွန်မတို့ရဲ့ ကရင်နှစ်သစ်ကူးနေ့ ကျရောက်တိုင်းမှာ သတိရနေမယ့် အချက်ကလေးတစ်ချက် ဖြစ်ပါတယ်။ ဒါကတော့ကျွန်မတို့ရဲ့ နာယကအဖြစ်နဲ့ရော ဥက္ကဋ္ဌအဖြစ်နဲ့ပါ ပူးပေါင်းပါဝင်တက်ရောက်ပေးတဲ့ ကျွန်မတို့ရဲ့လမ်းကြောင်းမှန်ကိုရောက်အောင် ထိန်းကျောင်းပေးတဲ့ ဥက္ကဋ္ဌကြီးနှင့် ဒီချုပ်ဥက္ကဋ္ဌကြီး နှစ်ဦးစလုံးကိုအထူးသတိရနေမှာပါလို့ ပထမဦးစွာ ကျွန်မအနေနဲ့ နှုတ်ခွန်းဆက်သရင်း ပြောကြားလိုပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီဂုဏ်ပြုနှုတ်ဆက်စကားပြောခြင်းဟာ ဖလုံ-စဝေါ်ပါတီ အနေနဲ့သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေဖြင့်သော်လည်းကောင်း ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် ဖြစ်သွားပါပြီရှင်။ ဘာကြောင့်လဲဆိုတော့ လာမယ့်ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းမှာ ကျွန်မတို့ပါတီအနေနဲ့ လုံးဝပါဝင်ခွင့်မရသလို ကျွန်မအနေနဲ့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ရွေးချယ်တင်မြှောက်ခံထားရခြင်း မရှိတော့တဲ့အတွက်ကြောင့်ဒါနောက်ဆုံးအနေနဲ့ ပြောကြားခွင့်ပဲဖြစ်ပါတယ်ရှင်။ ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၅ ခုနှစ်အတွင်း ငါးနှစ်တာ

ကာလအတွင်း ပြည်သူ့လတ်တော်သက်တမ်းအတွင်းမှာ ကျန်မတို့ပါတီအနေနဲ့ ဆောင်ရွက်ပေးနိုင်တာကို အနည်းငယ်တင်ပြပါရစေရှင်။

တိုင်းရင်းသားများအလိုချင်ဆုံးဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ပေးနိုင်ရေးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးများကြောင့် မျော်လင့်ချက် ပျက်ပြယ်ခဲ့ရတဲ့ ကျောင်းသားလူငယ်များ၊ လူငယ်လူရွယ်များအားလုံးအတွက် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမပပျောက်ရေးကိုလည်းကောင်း၊ Our Day ဟုခေါ်တဲ့ လောင်းကစားမျိုးစုံကြောင့် ဒေသခံပြည်သူများ အကျင့်စာရိတ္တပျက်ပြားမအပေါ် ဝိုင်းဝန်းထိန်းကျောင်းနိုင်ရေးအတွက် လောင်းကစားမျိုးစုံကို ထိရောက်စွာအရေးယူဆောင်ရွက်ပေးနိုင်ရေးကိုလည်းကောင်း၊ မတရားသိမ်းဆည်းခံရတဲ့ လယ်ယာမြေနစ်နာဆုံးရှုံးခဲ့ရတဲ့ ဒေသခံပြည်သူများအတွက်ကိုလည်းကောင်း၊ အမျိုးသမီးများနှင့် အမျိုးသားများတန်းတူရရှိပြီးဖြစ်သော အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်ချုပ်ရေးမှူးများကို အမျိုးသမီးများအား ခန့်အပ်နိုင်ရေးကိုလည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဥပဒေ အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေး ရေးဆွဲနိုင်ရေးကိုလည်းကောင်း၊ အလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ပေးရေး၊ ကလေးသူငယ်များအတွက် အခွင့်အရေး၊ မသန်စွမ်းသူများ တန်းတူအခွင့်အရေးရရှိနိုင်ရေးနှင့် မျိုးစောင့်ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများအဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းများကို လတ်တော်ထဲမှာ ပြုလုပ်ခဲ့ပါ တယ်ရှင်။

သို့သော်လည်းပဲမတရားသိမ်းဆည်းခံရတဲ့ လယ်ယာမြေများနှင့်ပတ်သက်၍ ယနေ့ထက်တိုင်အဆင်ပြေမမရရှိခဲ့သဖြင့် များစွာစိတ်မကောင်းဖြစ်ရပါတယ်ရှင်။ (အထူးသဖြင့် သံလွင်တံတားတည်ဆောက်မကြောင့် တံတားအနီးရွာသားတွေရဲ့ သိမ်းဆည်းခံရတဲ့လယ်ယာမြေ၊ ဥယျာဉ်ခြံမြေနစ်နာဆုံးရှုံးမ၊ လှာကဒေါင်ဘဝသစ်အကျဉ်းဦးစီးဌာနမှ သိမ်းဆည်းထားရတဲ့ လယ်ယာမြေများ၊ ရေဘုတ်ဆည်ကြောင့် ဆုံးရှုံးခဲ့ရတဲ့လယ်မြေဧကများ၊ မြို့မဘောလုံးကွင်းကို ဟိုတယ်အဖြစ် ဝင်ရောက်ဆောက်လုပ်နေမများ၊ များပြားလှသော တပ်သိမ်းမြေများ၊ ဘီလပ်မြေစက်ရုံအနီး တပ်မတော်ကသိမ်းဆည်းထားသော လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ပေးခဲ့သော်လည်း မူလလယ်သမားများထံမရောက်ရှိဘဲ ဘီလပ်မြေစက်ရုံက ဆက်လက်သိမ်းဆည်းမများ ဟိုတယ်တည်ဆောက်ခြင်း၊ မွေးမြူရေးဇုန်၊ စက်မဇုန်နှင့် ရပ်ကွက်တိုးချဲ့ခြင်းတို့ကြောင့် ဆုံးရှုံးနစ်နာရသော လယ်သမားများအတွက် အလွန်စိတ်မကောင်း ဖြစ်မိပါတယ်ရှင်။ ဒါကြောင့် လာမဲ့လတ်တော်သက်တမ်းမှာ မတရား

သိမ်းဆည်းခံရတဲ့ လယ်သမားများကို မူလပိုင်ရှင်အမှန်လက်ထဲသို့ ပြန်လည်ရရှိရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ နောင်လာမယ့် လွှတ်တော်အတွင်း ကိုယ်တိုင်ကိုယ်ကျ တင်ပြခွင့်မရသော်လည်း၊ အနိုင်ရထားတဲ့ ရွေးကောက်တင်မြှောက်ခံထားရတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ၊ ဒေသခံပြည်သူများရဲ့ အကျိုးအတွက် မိမိတို့ရဲ့ ပါတီအနေဖြင့် ပူးပေါင်းပါဝင် လက်တွဲရန် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်းနှင့် ပြောင်းလဲလိုသော မဲဆန္ဒနယ်ရှင်ပြည်သူများရဲ့ ဆန္ဒကို အပြည့်အဝအကောင်အထည်ဖော်ပေးနိုင်သော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြပါစေလို့ ဂုဏ်ပြုနှုတ်ဆက်ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်လည်း စကားပြောင်းပြီး ဖိတ်ခေါ်ပါတယ်။ 'ဝ'ဒီမိုကရက် တစ်ပါတီမှ နှုတ်ဆက်အမှာစကားပြောကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းငှင့် ပြည့်စုံကြ ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝမ်းဖြစ်ပါတယ်။ ဒီနေ့မှာ 'ဝ'ဒီမိုကရက်တစ်ပါတီကိုယ်စား နှုတ်ခွန်းဆက်အမှာစကား ပြောကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြော ကြားလိုပါတယ်။

ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအခြေအနေအရ တခြားနိုင်ငံတွေနဲ့ မတူတဲ့ အကန့်အသတ်ရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို စတင်ဖြတ်သန်းခဲ့တာ ငါးနှစ်တာကာလရှိခဲ့ပါပြီ။ အဲဒီ ငါးနှစ်တာကာလထဲမှာ ကောင်းတာ၊ မှန်တာတွေရှိသလို၊ မကောင်းတာ၊ မှားတာတွေလည်းရှိနိုင်ပါ တယ်။ ဘယ်ဟာတွေက မှန်ပြီး ဘယ်ဟာတွေက မှားတယ်ဆိုတာ ကောက်ချက်ချမှတ်တမ်းတင်ဖို့က နောင်လာမယ့် မျိုးဆက်သမိုင်းဆရာများရဲ့ တာဝန်ပဲဖြစ်ပါလိမ့်မယ်။ သို့သော်လည်း ကျွန်တော်တို့ အားလုံးရဲ့ လွှတ်တော်တွင်း လုပ်ဆောင်ခဲ့သမျှတွေကတော့ မှားမှား-မှန်မှန်၊ ကောင်းကောင်း- မကောင်းကောင်း လွှတ်တော်မှတ်တမ်းဝင်ဖြစ်ခဲ့ပါပြီ။

လတ်တော်သက်တမ်း ငါးနှစ်တာကာလအတွင်းမှာ မတူကွဲပြားခြားနားတဲ့ နိုင်ငံရေးပါတီများ၊ မတူကွဲပြား ခြားနားတဲ့ တိုင်းရင်းသားလူမျိုးများ၊ မတူကွဲပြားခြားနားတဲ့ ဒေသများက လတ်တော် ကိုယ်စားလှယ်များဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများကောင်းကျိုးဆိုတဲ့ တူညီတဲ့ဘုံရည်မှန်းချက်အတွက် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြပါတယ်။

ကျန်တော်တို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများကောင်းကျိုးအတွက် လတ်တော်မှာ မေးခွန်းများ မေးကြတယ်။ အဆိုတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြတယ်။ ဥပဒေတွေကို ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ် အတည်ပြုခဲ့ကြပါတယ်။

အဲဒီလို လုပ်ဆောင်ခဲ့ကြရင်းနဲ့ တစ်ဦးနဲ့တစ်ဦး ပိုမိုနားလည်ရင်းနှီးလာခဲ့ပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးပြုဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားဖို့ စတင်နှိုးဆော်ခဲ့တဲ့ ကျန်တော်တို့ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း ဦးဆောင်မကိုလည်း အထူးဂုဏ်ယူမိပါတယ်။

ကျန်တော်တို့ ဖြတ်သန်းခဲ့တဲ့ လတ်တော်ရဲ့အဓိကအောင်မြင်မှုကတော့ မူလက အများထင်မြင် ယူဆထားသလို လက်ညှိုးထောင် ခေါင်းညိမ့် လတ်တော်မဟုတ်ခဲ့တဲ့အချက်ပဲ ဖြစ်ပါတယ်။ လတ်တော်ဟာ ပြည်သူတွေကိုယ်စား အစိုးရအဖွဲ့ကို မေးခွန်းတွေမေးခဲ့ပါတယ်။ မေးခွန်းတွေ လာရောက်ဖြေကြားရင်း အစိုးရအဖွဲ့နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကို မူလကထက် အလေးထားလာစေ ခဲ့ပါတယ်။ ဒီငါးနှစ်တာကာလဖြတ်သန်းမှုဟာ အကောင်းဆုံးအနေအထားမရောက်ခဲ့သေးပေမယ့်၊ အခြေခံအုတ်မြစ်တစ်ခုကိုတော့ ချမှတ်နိုင်ခဲ့ပါတယ်လို့ ကျန်တော်ယုံကြည်ပါတယ်။

နောက်တက်လာမယ့် ဒုတိယအကြိမ်လတ်တော်က ယခုဖြတ်သန်းခဲ့တဲ့ ငါးနှစ်တာကာလ အတွင်း ကျန်တော်တို့ရခဲ့တဲ့ အတွေ့အကြုံ တွေကို သင်ခန်းစာယူပြီး ကောင်းသထက်ပိုကောင်းအောင် လုပ်ဆောင်နိုင်ကြလိမ့်မယ်လို့ မျော်လင့်ရင်း ဝိုင်းဝန်းကြိုးစားကြဖို့ တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်တဲ့ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်တော်ကတော့ ဒုတိယအကြိမ် လတ်တော်သက်တမ်းမှာ ပါဝင်တက်ရောက်ဖို့ ကျန်တော့်မြို့နယ်ပြည်သူများက ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခံခဲ့ရပါတယ်။ ဒါကြောင့် ဒုတိယအကြိမ် လတ်တော်အစည်းအဝေးတက်ရောက်လာ ကြတဲ့ အနယ်နယ်အရပ်ရပ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် အသစ်မိတ်ဆွေအပေါင်းတို့ကို ကြိုဆိုဂုဏ်ပြုပါကြောင်းနဲ့ ဆက်လက်ပြီး လက်တွဲသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**မူကြမ်း**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့ ပထမအကြိမ် လတ်တော်သက်တမ်း ၅ နှစ် ကာလအတွင်းမှာ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး လက်တွဲလာခဲ့ကြပြီး မကြာမီပြန်လည်ခွဲခွာကြတော့ မယ့် လတ်တော်ကိုယ်စားလှယ်ဟောင်းများရဲ့ ထိုင်ခုံနေရာများကို တွေ့မြင်မိတိုင်း မိတ်ဆွေတို့ကို လွမ်းဆွတ်သတိရနေလိမ့်မယ်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထိုင်ခုံအဟောင်းကို တွေ့တိုင်းလွမ်းနေမယ်ဆိုရင်တော့ ဒီထိုင်ခုံကြီးကို ကိုကျင်ဝမ်း ဒီထိုင်ခုံကြီးကိုတော့ တောက်လျှောက်မြင်နေရမှာပဲ။

**ဥက္ကဋ္ဌ**။ ။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ နှုတ်ဆက်အမှာစကား ပြောကြားဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားဂုဏ်ယူရပါသော လတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ကိုယ်ပိုင်ပစ္စုပ္ပန်အနာဂတ် ကျန်ရှိသေးတဲ့ ဘဝခရီးလမ်းတလျှောက် စိတ်ရောကိုယ်ပါ နှစ်ဖြာသော သုခဖြင့်ပြည့်ဝကြပါစေလို့ ဦးစွာ မေတ္တာ ဖြန့်ဝေပါရစေ။ ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားပါတီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပင်လောင်း မြို့နယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကာလသတ်မှတ်ချက် တစ်ခုအတွင်းမှာ တိုင်းပြည်ရဲ့အရေးအရာကို အောင်မြင်စွာ ဦးဆောင်ပေးခဲ့သော လေးစားရတဲ့၊ အားထားရတဲ့၊ မေတ္တာပွားလောက်ရတဲ့ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌကြီးအားလည်းကောင်း အချိန် ငါးနှစ်တာကာလအတွင်း အတူတကွ လုပ်ကိုင်ကြပြီး ချစ်ကြည် ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်သာမက ခြံ နွယ်ပိတ်ပေါင်း ဆူးညောင့်ခလုတ်တို့ဖြင့် ပြည့်နှက်နေတဲ့ စိန်ခေါ်မကြီးနှင့်အတူ တိုင်းပြည်ရဲ့ဘဝခရီးကြမ်း ဒီမိုကရေစီလမ်းမှနိုင်ငံတော် ပန်းတိုင်သို့မရောက် ရောက်အောင် ရှိတဲ့အားကို ညစ်ထုတ်ရင်း အတူတကွ ကြိုးစားလာခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ် ကြီးများအား ဒီနေရာကနေ ကျွန်တော်တို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ပြည်သူ့ကိုယ်စားလှယ်များရဲ့ ကိုယ်စား ဂုဏ်ပြုမှတ်တမ်းပြုပါရစေ။

ဒီလတ်တော်ကြီးထဲမှာ နှုတ်ခွန်းဆက်စကားရယ်လို့ ကျွန်တော်မဆိုလိုချင်ပါဘူး။ ဤလတ်တော် ကြီးကို အမိတကသိုလ်ကြီး၊ တိုင်းပြည်ရဲ့ဘဝတကသိုလ်ကြီးလို့ မှတ်ယူပါတယ်။ ပြည်ထောင်စု အသီးသီးက ပြည်ထောင်အသီးသီးက မင်းညီမင်းသားတွေဟာ ဗာရာဏသီပြည် ရှင်ဒိသာပါမောက္ခထံ

သုံးနှစ် သုံးမိုး ပညာသင်ကြားခဲ့သလို ကျန်တော်တို့တစ်တွေဟာလည်းပဲ ဤလတ်တော်ကြီးတွင် ငါးနှစ် ငါးမိုး အဋ္ဌာရသ(၁၈)ရပ်ကို လေ့လာဆည်းပူး တတ်မြောက်ကြပြီမို ပြည်ထောင်အသီးသီး၊ ဌာနေ အသီးသီးသို့ ထွေပြားမြားမြောင်လှတဲ့ ပြည်သူ့ဘဝအုပ်ချုပ်ဖို့ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တိုင်းရင်းသားတို့ရဲ့ဘဝ ပြည်ထောင်စုသာယာလှပစေဖို့ ဥယျာဉ်မှူးတို့ရဲ့ဘဝကို ပြန်လည်ယူရယူကြ အုံးမယ့် နောင်တော်ကြီးတို့တစ်တွေလို့သာ ခံစားမိပါတယ်။ ဤလတ်တော်ကြီးတွင် အကြောင်း အမျိုးမျိုးကြောင့် နောက်ထပ်ငါးနှစ်လေ့လာဆည်းပူးကြအုံးမယ့် ညီအစ်ကိုများနှင့် ကျန်တော်တို့ အဖွဲ့သားတွေဟာ အခြေမလှလို့ စာမေးပွဲကျတဲ့ ကျောင်းသားလို့ပဲ ခံယူပါတယ်။ နောင်တော်ကြီးတို့လို အတောင်စုံလို့ ပြန်နိုင်အောင် အစွမ်းကုန် စာကျက်ကြိုးစားရအုံးမယ့် ဘဝကျောင်းသားလေးတွေပါ။ အကယ်၍သာ ထွေပြားများမြောင်လှတဲ့ ပြည်သူ့ဘဝရဲ့ပုစ္ဆာကို အဖြေရှာပြီး အဆုံးအဖြတ်ရယူဖို့ ပုစ္ဆာအဖြေမှန်ကို ဆုံးဖြတ်ပေးနိုင်တဲ့ ရှင်ဒိဿပါမောက္ခကြီးရှိရာ ဤအမိလတ်တော်ကြီးဆီသို့ အချိန် ကာလတစ်ခုအတွင်း တစ်ခါပြန်လည်ခြေဦးလှည့်လာကြအုံးမည့် မင်းသားကြီးတွေပါလို့ ဘဝဆန္ဒ အမှန်ဖြင့် စကားလက်ဆောင်ပြုပါရစေ။ တိုင်းရင်းသားပေါင်းစုံ သက်တန့်ရောင်စုံလိုလှပတဲ့ ဤအမိ လတ်တော်ကြီးတွင် အတူတကွ ဒီမိုကရေစီရဲ့အရေးကို ဝိုင်းဝန်းငြင်းခုံ တစ်စုံတစ်ရာသော အဖြေရှာ ကြတဲ့နေရာမှာ ကျန်တော်တို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ကိုယ်စားလှယ်များမှ လတ်တော် ဥက္ကဋ္ဌကြီး အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌကြီးအားလည်းကောင်း၊ နောင်တော်တို့တစ်တွေကို လည်းကောင်း ကာယကံ၊ ဝစီကံမလွတ်ဘဲ ကိုယ်ထိလက်ရောက်ပြုမပြောဆိုပြစ်မှားခဲ့သည်ရှိသော် မတူညီတဲ့အရာ တစ်ခုကို ညှိနှိုင်းအဖြေရှာယူခြင်းပဲလို့ မှတ်ယူပေးစေလိုပါတယ်။ ပြီးခဲ့တဲ့ ၅ နှစ်တာကာလ အတွေ့ အကြုံနဲ့ ထပ်မံသင်ယူရအုံးမယ့် အသိပညာနဲ့ပေါင်းစပ်ပြီး တိုင်းပြည်ရဲ့အရေးအရာဖြစ်တဲ့ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မမပြိုကွဲရေး၊ တိုင်းပြည်ရဲ့ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့နှင့် အဖက်ဖက်မှ တိုင်းပြည်ရဲ့တိုးတက်ဖွံ့ဖြိုးမအတွက် ယခု လတ်တော်အသစ်ကြီးကိုရောက်ရှိလာသော မင်းညီမင်းသား တပည့်တော်အသစ်များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ လက်တွဲပြီး ပြည်ထောင်စု၏ အရေးအရာကို အုတ်တစ်ချပ် သဲတစ်ပွင့် ဦးဆွေးဆံမြည့်သစာရှိစွာဖြင့် အမထမ်းပါမည်ဖြစ်ကြောင်းကတိပြုလိုပါသည်။ တစ်ဆက်တစ်စပ်တည်း ဖိတ်မန္တက ပြုလိုတာက ပအိုဝ်းဒေသ၊ ပအိုဝ်းတို့ရဲ့ဘဝ၊ ပအိုဝ်းတို့ရဲ့အလှအပတွေဟာ ကျန်တော်တို့ လတ်တော်မှာ တစ်ခါတင်ပြခဲ့ဖူးတဲ့ ပန်ကာမလို့၊ အဲယားကွန်းမလို့၊ ရန်ကုန်ဆောင်း ပင်လောင်းနွေလို့ တင်စားခေါ်ဝေါ်လောက်တဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ဖွံ့ဖြိုးရေးကို မော်လင့်

စောင့်စားနေတဲ့ဒေသ သို့မဟုတ် လတ်တော်ကြီးရဲ့မေတ္တာရေကို သောက်သုံးရန်စောင့်မျှော်နေတဲ့ ကျန်တော်တို့တိုင်းရင်းသားရဲ့ ဘဝဒေသတွေကို အေးမြကြည်လင်လတ်ဆတ်သော သဘာဝလေကို ရှူရှိုက်ဖို့ ဘုရားကပေးသော စိမ်းလန်းစိုပြေ သာယာလှပသော သဘာဝအလှတရားလေးတွေကို စိတ်ခံစားမရှိသူတိုင်း အပန်းဖြေဖို့ကြွခဲ့ပါအုံးလို့ စိတ်နှလုံးဖြူစင်စွာဖြင့် ဖိတ်ကြားရင်း ရင်တွင်းစကားကို အဆုံးသတ်ပါရစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက နှုတ်ဆက်အမှာစကား ပြောကြားဖို့ ဖြစ်ပါတယ်။

**ဦးနိုင်လှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ကြွရောက်လာကြတဲ့ ပြည်သူ့လတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် တက်ရောက်လာကြကုန်သော ပြည်သူ့လတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျန်တော်က တော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါ တယ်။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နောက်ဆုံးနေ့မှာ ယခုလို နှုတ်ခွန်းဆက်သ အမှာစကားပြောကြားခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် ကျေးဇူးလည်း အထူးတင်ရှိလှပါကြောင်း ဦးစွာပထမ ပြောကြားလိုပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်တော်တို့ဟာ ဒီမိုကရေစီရွေးကောက်ပွဲနှင့် ဝေးခဲ့တာ ၁၉၆၀ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်တုန်းက အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပေမယ့် အနိုင်ရလတ်တော်ကိုယ်စားလှယ်များက လတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ကို ထမ်းဆောင်ခွင့်မရရှိခဲ့ပါဘူး။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်အဖြစ် အနိုင်ရရှိခဲ့ပြီး တာဝန်ကိုထမ်းဆောင်ခွင့်မရရှိခဲ့တဲ့လူတွေ၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်အဖြစ် အနိုင်ရရှိခဲ့တဲ့ ကျန်တော်တို့လို လတ်တော်ကိုယ်စားလှယ်များဟာ လတ်တော်ရဲ့တာဝန်ကို ငါးနှစ်တာ ထမ်းဆောင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုထမ်းဆောင်ခွင့်ရရှိခဲ့တဲ့ကာလရဲ့ အစပိုင်းမှာ ကျန်တော်တို့အနေနဲ့ အတွေ့အကြုံ မရှိမှု၊ လုပ်ငန်းမကျွမ်းကျင်မတို့ကြောင့် ဌာနများနှင့်ဆက်သွယ်တဲ့ နေရာတွင်ဖြစ်စေ၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံတဲ့နေရာတွင်ဖြစ်စေ အားနည်းချက်များရှိခဲ့တဲ့

အလေ့ာက် အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရပါတယ်။ ခရီးမပေါက်ဘဲ နှောင့်နှေးမများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယကတို့ရဲ့ စာနာထောက်ထားမ၊ ဖေးမကူညီမ အရှိန်အဝါတွေကြောင့် ရေးရာကော်မတီများရဲ့ ပံ့ပိုးမကြောင့် လုပ်ငန်းအဆင်ပြေချောမွေ့မ ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ကို မဲပေးရွေးချယ်ကြတဲ့ ပြည်သူတွေရဲ့ အခက်အခဲအမျိုးမျိုးတို့ကို သိရှိနိုင်အောင် သူတို့ရဲ့ဘဝထဲ လက်တွေ့ကျကျချဉ်းနင်းဝင်ရောက်လေ့လာခဲ့လို့ သူတို့ရဲ့ တွေ့ကြုံရတဲ့ ဒုက္ခများကို ထဲထဲဝင်ဝင် သိရှိခွင့်ရခဲ့ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရေးအတွက် လိုအပ်ချက်တွေကို လွှတ်တော်မှာ မေးခွန်းမေးမြန်းခြင်း၊ တိုက်တွန်းအကြံပြုခြင်း ကိစ္စရပ်များကို အချက်ပေါင်း ၆၀ ကျော်ခန့် တင်ပြမေးမြန်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို တင်ပြတောင်းဆိုခြင်းအားဖြင့် မဲဆန္ဒရှင်များတို့ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ အားလုံးမဟုတ်သော်လည်းပဲ သူတို့ရဲ့ လိုအပ်ချက်အချို့ကို ဖြည့်ဆည်းခွင့်ရလို့ ကျွန်တော်တို့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ဒေသများဟာ အခုမှ ဖွံ့ဖြိုးတိုးတက်မလမ်းစတွေ ပေါ်ပေါက်လာပြီလို့ ဆိုနိုင်မည်ဖြစ်ပါတယ်။ တင်ပြတောင်းဆိုပေးရန် ကဏ္ဍများစွာနဲ့ အကောင်အထည်ဖော်ပေးဖို့ ကဏ္ဍ အများအပြားကျန်ရှိနေပါသေးတယ်။ ကျေးလက်ဒေသပီပီ အဓိကကျတာကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမ လျှော့ချရေးကဏ္ဍပဲဖြစ်ပါတယ်။ ဒီကိစ္စနှင့်စပ်လျဉ်းပြီးတော့ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့အခြေခံနဲ့ အဓိကကျတဲ့အချက်များကို ဖြည့်ဆည်းထားရှိခဲ့ပြီးဖြစ်ပေမယ့် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ရန်လည်း အမြောက်အများ ကျန်ရှိနေပါမည်ဖြစ်ပါတယ်။ လိုအပ်ချက်တွေ၊ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တဲ့ အဓိကဝန်ကြီးဌာနများကတော့ ဆောက်လုပ်ရေးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန၊ လယ်/ဆည်၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ရေးနှင့် သမဝါယမဝန်ကြီး အစရှိတဲ့ ဝန်ကြီးဌာနများဖြစ်ကြပြီးတော့ ၎င်းဌာနတို့ကို ကျေးဇူးဥပကာရ အထူးတင်ရှိလှပါကြောင်းနဲ့ ၎င်းဝန်ကြီးဌာနတို့နှင့် ဆက်စပ်နေသော အခြားဝန်ကြီးဌာနအားလုံးတို့ကိုလည်း ထပ်တူထပ်မျှ ကျေးဇူးတင်ရှိလှပါကြောင်း ပြောကြားလိုပါတယ်။ လာမည့်လွှတ်တော်တော်သက်တမ်း ငါးနှစ်အတွင်းမှာ လိုအပ်ချက်များကို ဆက်လက်

ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ နောင်ဖွဲ့စည်းမည့်အစိုးရသစ်ကိုလည်း ကြိုတင်ပန်ကြားတိုက်တွန်းအပ်ပါကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

ကျန်တော်တို့ မဲဆန္ဒနယ်ဖြစ်တဲ့ ချောင်းဆုံမြို့နယ်ဟာ ပြည်မနဲ့များစွာ ကွာလှမ်းခြင်းမဟုတ်သော်လည်းပဲ ဆက်သွယ်သွားလာမခက်ခဲပြီး တစ်သီးတစ်ခြားစီတည်ရှိနေတဲ့ ကျွန်းမြို့နယ်တစ်နယ်ဖြစ်ပါတယ်။ ဆက်သွယ်သွားလာရန် တံတားမရှိ၊ လျပ်စစ်မီးမရှိတဲ့ အထီးကျန်မြို့နယ်တစ်နယ်ဖြစ်ခဲ့ပြီး နှစ်ပေါင်းများစွာ ရှေ့သို့မတိုးနိုင်ခဲ့တဲ့ ဒေသတစ်ခုဖြစ်ခဲ့ရပါတယ်။ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက်၊ ပြည်နယ်အစိုးရ၏ တင်ပြချက်၊ ပြည်သူ့လတ်တော်နှင့် ပြည်ထောင်စုလတ်တော်တို့၏ ပံ့ပိုးချက်၊ နိုင်ငံတော်သမတကြီး၏ စီမံခန့်ခွဲမှုနှင့် ကျန်တော်တို့၏ ချောင်းဆုံမြို့နယ်ဟာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်၏ လျပ်စစ်မီးရရှိလာတော့မှာဖြစ်သလိုမော်လမြိုင်-ချောင်းဆုံမြစ်ကူးတံတားလည်း ဆောက်လုပ်ပြီးစီးတော့မှာဖြစ်တဲ့အတွက် ကျန်တော်တို့ဒေသကို တိုင်းနှင့်ပြည်နယ်အသီးသီးတို့မှ လွယ်ကူလျင်မြန်စွာဝင်/ထွက်သွားလာနိုင်တော့မည် ဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုများကလည်း ယခင်ကလို မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်၊ ရေဒဏ်၊ နှင်းဒဏ်တွေကြားက သံလွင်မြစ်ကို ခက်ခဲစွာဖြတ်ကူးတဲ့ဒုက္ခမှလွတ်ကင်းပြီး အန္တရာယ်ခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း၊ ဆင်းရဲခြင်းခပ်သိမ်းတို့ ကင်းငြိမ်းစွာနဲ့ မြစ်ကူးတံတားကို ဖြတ်ကူးသွားလာနိုင်တော့မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ တစ်ခါက Make in Ywa Lut လို့ လူသိများခဲ့တဲ့ ချောင်းဆုံမြို့နယ်ဟာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်စဉ်ကို မော်လင့်ချက်ကြီးမားစွာနဲ့ စောင့်စားကြိုဆိုရမည်ဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မအားလုံး ဖြစ်ပေါ်လာတာဟာ လတ်တော်ကို ဗဟိုပြုတဲ့ဌာနနဲ့ အဖွဲ့အစည်းပေါင်းစုံတို့ကစုပေါင်းဆောင်ရွက်ပေးမကြောင့် ဖြစ်တဲ့အတွက် ကျန်တော်တို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအဖွဲ့အနေနဲ့ ပြည်သူ့လတ်တော်၊ ပြည်ထောင်စုလတ်တော်မှ ပုဂိုလ်များအားလုံးတို့အား လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ရှိလှပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက နှုတ်ဆက်အမှာစကားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှေ့ကချင်းကိုယ်စားလှယ်ကြီးက ဒီမိုကရေစီဥနောင်း၊ ဒေါ်နန်းစေအွာ အော့စွန်လာဆိုင်း နှုတ်ခွန်းဆက်သွား ပါတယ်။ ကျွန်တော့်အနေနဲ့လည်း နာယကကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်သစ်များအားလုံးကို ဒီမိုကရေစီကန့်လန့်ကာ အတူဖွင့်ကြတဲ့ ဒီမိုကရေစီမိတ်ဆွေများလို့ အရင်ဆုံးဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြောစရာနှုတ်ခွန်း နှုတ်ဆက် စကားတစ်ခုနဲ့ အမွေပေးစရာတစ်ခု ရှိပါတယ်။ ပထမအပိုင်းနှစ်ခုဟာ အဲဒီတော့ နှုတ်ဆက်စကားကို အရင်ပြောပါမယ်။

လေးစားအပ်ပါသော နာယကကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နာယကကြီးရဲ့အမည်များ ပါခဲ့ရင်လည်း ခွင့်လွှတ်ပေးဖို့တောင်းပန်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်ကနေ နေပြည်တော်လာဖို့ လွှတ်တော်ကိုယ်စားလှယ်တွေအဖြစ်နဲ့လာရတဲ့အခါမှာ အရင်က နေပြည်တော်မရောက်ခင်ကြားမှာ ကားရပ်ပြီးတော့ ကားပေါ်ကနေလမ်းဆင်းလျှောက် ကိုယ့်မှတ်ပုံတင်တွေကိုကိုင် ပြီးတော့ မှတ်ပုံတင်ကို ငုံတောင်မကြည့်တဲ့သူတွေရှေ့ကနေ ဖြတ်လျှောက်ပြီးတော့မှ နေပြည်တော်လာရတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ဘဝ၊ ပြီးတော့ လွှတ်တော်ထဲကို စစချင်း ကားနဲ့ဝင်ခွင့်မရပါဘူး။ ကျွန်တော်တို့က ကြိုးတံတားကြီးကို လမ်းလျှောက်အစစ်ဆေးခံပြီးတော့မှ လွှတ်တော်ထဲကို ဝင်ခွင့်ရတဲ့ဘဝ၊ စည်ပင် ဧည့်ရိပ်သာရောက်တော့ စည်းကမ်းချက် ၂၉ ချက်နဲ့ ဖုန်းပလပ် အားသွင်းတာကလွဲရင် ကျန်တာ လုပ်ခွင့်မရတဲ့ စည်းကမ်းချက် ၂၉ ချက်နဲ့အရင်စတွေ့ခဲ့ရတယ်။ အဲဒီလိုဘဝတွေ။ ပြီးတော့ ဒါတွေပဲ ကျန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးစုပေါင်းပြီးတော့မှ တဖြည်းဖြည်းချင်းနဲ့ ပြင်ခဲ့ရ တဲ့ဘဝတွေ ကျန်တော်တို့ မီးပြတ်တစ်လှည့် လာတစ်လှည့်၊ ရေကအနီရောင်၊ သတ်မှတ်ထားတဲ့ ဆိုင်၊ သတ်မှတ်ထားတဲ့နေရာတွေမှာ ထမင်းစားခွင့်ပြုထားပြီးတော့မှ အရိပ်မရှိတဲ့ကွင်းပြင်ကြီးမှာ အဆောင် တွေဖြစ်ပြီး အပူဒဏ်ကိုမခံနိုင်လွန်းလို့ လွှတ်တော်ကိုယ်စားလှယ်အချို့က အခန်းရဲ့အပြင်ဘက် ထွက်အိပ်ကြရတဲ့ ဘဝ၊ အဲဒီဘဝတွေနဲ့ ကျန်တော်တို့ လွှတ်တော်စခဲ့ရတာ လွှတ်တော်ကိုယ်စားလှယ် တွေ၊ ပြီးတော့ ကျန်တော်တို့ သီးသန့်အနားယူဖို့ နေရာဆိုတာ မရှိခဲ့ပါဘူး။ အားကစားလုပ်ဖို့ နေရာ မရှိပါဘူး။ အရိပ်ဆိုတာ အခု ငါးနှစ်တာကာလစိုက်ပျိုးလာတဲ့ အပင်လေးတွေကို အခုလွှတ်တော် ကိုယ်စားလှယ်အသစ်များ မြင်တွေ့ကြရတာဖြစ်ပါတယ်။ ဒီလို အနားမယူဘဲနဲ့လုပ်ခဲ့ရရင်းနဲ့ စည်ပင် ဧည့်ရိပ်သာမှာ ကျန်တော်တို့ ကျဆုံးသွားခဲ့တဲ့ ရခိုင်နိုင်ငံရေးသမားကြီး မင်းပြားက ဦးအောင်စိန်သာ

အင်မတန်မှ လေးစားတာ။ အဲဒီလိုပဲ တခြားပုဂ္ဂိုလ်များလည်း တစ်ဦးချင်း၊ တစ်ဦးချင်းနဲ့ ကျဆုံးသွားခဲ့ရတယ်။

လွတ်တော်တာဝန်ကို ကျွန်တော်တို့က ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး၊ ဦးထိပ်ထားခဲ့ရတဲ့ လွှတ်တော်ကိုယ်စားလှယ်ဘဝ၊ လွှတ်တော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်းနဲ့ လွှတ်တော်ထဲမှာ တာဝန်ထမ်းဆောင်ရင်း ဘုန်းကနဲလဲကျပြီးတော့ အသက်ဆုံးသွားရတဲ့ ပန်းပဲတန်းက ဦးအောင်ဆန်းလို လွှတ်တော်ကိုယ်စားလှယ်၊ ကိုယ်ကျိုးစွန့်လွှတ်ခဲ့ရတဲ့လွှတ်တော်ကိုယ်စားလှယ်များ ဘဝတွေနဲ့ ဖြတ်သန်းခဲ့ရတဲ့ ပထမအကြိမ်လွှတ်တော်ပါ။ ဒီဘဝတွေကို ပိုင်ဆိုင်ပြီးတော့မှ လွှတ်တော်ရဲ့ ဒီမိုကရေစီကာလာကာကို ကျွန်တော်တို့တွေက တာဝန်ကျေကျေနဲ့ ဖွင့်လှစ်ခဲ့ကြပါတယ်။ စောစောကပြောသွားတဲ့ မင်းညီမင်းသားများ၊ ကျွန်တော်ဘေးကအန်တီကြီးက မင်းညီမင်းသမီးတွေမပါဘူးတဲ့။ မင်းညီမင်းသားများ။ ကျွန်တော်တို့အခု ကာလကာ စဖွင့်တဲ့အခါ ဒီလမ်းတွေကို ဦးဆုံးဖောက်တဲ့လူတွေပါ။ ဆက်ပြီးတော့ အသုံးတော်ခံမယ့်ပုဂ္ဂိုလ်များ မင်းသားမင်းသမီး၊ ဇာတ်ပို့ဇာတ်ရန်၊ ကျွန်တော်တို့နဲ့တူတဲ့ လူကြမ်းမင်းသားများလည်း ပါလိမ့်မယ်ထင်ပါတယ်။ အဲဒီတော့ ဘာကြောင့်ပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်အသစ်ဖြင့် တက်ရောက်စဉ် ကျွန်တော်တို့ဘဝ တက်ခဲ့တဲ့အခါမှာ နဂို၊ စစ်အစိုးရ၊ တပ်မတော်အစိုးရ၊ တစ်ဖြစ်လည်း နယဖအစိုးရ။ အဲဒီအစိုးရ ကျင်းပတဲ့ရွေးကောက်ပွဲနဲ့ လွှတ်တော်ခေါ်ယူတဲ့ လွှတ်တော် ဖြစ်ခဲ့တယ်။

ကျွန်တော်တို့မေးတဲ့ မေးခွန်းတွေ၊ အဆိုတွေကို နယဖအစိုးရ ဝန်ကြီးများက ဖြေကြပါတယ်။ အဲဒီ ဝန်ကြီးများဟာ ရှေ့ဆုံးတန်းမှာ ထိုင်နေကြပါတယ်။ ကျွန်တော်တို့နောက်က မေးရင် ရှေ့က ထထွက် ဖြေတာတွေ၊ ကျွန်တော်တို့ တွေ့ခဲ့ရတယ်။ အဲဒီဘဝ။ အခုလွှတ်တော်ကိုယ်စားလှယ်များ၊ အသစ်များက ဒီမိုကရေစီအစိုးရအသစ်၊ ပထမသက်တမ်းကပုဂ္ဂိုလ်များရဲ့ အမေးအဖြေတွေနဲ့ ဒုတိယသက်တမ်းကို ကယ်ရီလုပ်သွားကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖြတ်သန်းခဲ့တဲ့ဘဝတွေ၊ အဲဒီတော့ ပြည်သူ့လွှတ်တော်ကြီးဟာ အစဉ်လာကြီးမားတဲ့ လွှတ်တော်ကြီးအဖြစ် ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတာ။ ဒီလွှတ်တော်ကြီးထဲကပဲ နိုင်ငံတော်သမတကြီး မနက်က မိန့်ခွန်းပြောသွားပါသော သမတကြီးဦးသိန်းစိန်နှင့် ဝန်ကြီးများကို လွှတ်တော်ကြီးကနေရွေးထုတ်ပေါက်ဖွားခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အဲဒီလိုပဲရှိခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အိပ်မက်လိုလိုနဲ့ တကယ်ဖြစ်ခဲ့တဲ့ လွှတ်တော်ကြီး၊ လွှတ်တော်နိုင်ငံရေး ဖြစ်ခဲ့ပါတယ်။ လုပ်ဇာတ်ခင်းနေတာလိုလိုနဲ့ အစိုးရအဖွဲ့ တကယ်ဖြစ်လာပါတယ်။ တကယ်မဟုတ်သလိုနဲ့ တကယ်ဖြစ်ပျက်သွားတဲ့

ကိစရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တကယ်ဖြစ်သွားခဲ့တယ်။ ကျန်တော့်မျက်စိရှေ့မှာတင်။ လတ်တော်မှာ တရားဝင်လာရောက်တောင်းပန်ရတဲ့ကိစတွေလည်း ဖြစ်ခဲ့တယ်။ လတ်တော်ကို ဂုဏ်သိက္ခာချတဲ့ ဒေါက်တာဆိတ်ဖွားလို ပုဂ္ဂိုလ်မျိုးပေါ်လာလို့ စုံစမ်းရေးကော်မရှင်ဖွဲ့စစ်ခဲ့ရတာလည်း ရှိခဲ့တယ်။ အဲဒီတော့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်ပေါ်လာတဲ့အခါ ကျန်တော်တို့ရိုးသားစွာပဲ ဝန်ခံပြောဆိုပါမယ်။ ဒီထဲမှာ ရှိနေကြတဲ့ ပါတီပေါင်းစုံက အနိုင်ရပါတီက ပြည်ခိုင်ဖြိုးပါတီပါ။ အားလုံးက ကြားဖြတ်ရွေးကောက်ပွဲမှာ နိုင်ခဲ့တဲ့ NLD ပါတီကို ဝမ်းမြောက်ဝမ်းသာကြိုဆိုချင်ကြတာ မနာလိုမရှုစိတ်မရှိတာကို ကျန်တော်တို့ကိုယ်တိုင်သိခဲ့ရတယ်။ ဒါပေမဲ့ လတ်တော်ထဲကို တက်မလာတဲ့အတွက် အကြပ်တည်းတစ်ခုဖြစ်တယ်လို့ ကျန်တော်တို့ခံစားရတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကြိုးစားကြတယ်။ ကျန်တော်တို့ စည်ပင်ဧည့်ရိပ်သာမှာ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပါတီပေါင်းစုံကို ကျန်တော့်အနေနဲ့ မေတ္တာရပ်ခံပြီး ဖိတ်ကြားပြီးတော့မှ အစည်းအဝေးကျင်းပခဲ့ပါတယ်။ ညနေ ငါးနာရီကနေ ကိုးနာရီမှ ပြီးပါတယ်။ အဲဒီအစည်းအဝေး။ အဲဒီအစည်းအဝေးရပ်လိုက်ကြတော့ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွေမန်းထံနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံကို တိုင်းရင်းသားပါတီ ၁၈ ပါတီက ၁၆ ဦး လက်မှတ်ထိုးပြီးတော့ မေတ္တာရပ်ခံစာနှင့် လတ်တော်ကြီးကို တက်ရောက်ဖို့ ဆောင်ရွက်ခဲ့ကြတာပါ။ ဒါဟာ ကျန်တော်တို့က ပါတီစွဲ၊ ဝါဒစွဲ၊ အယူအဆစွဲတွေ မရှိဖို့၊ အဲဒီစကားက ကျန်တော်လတ်တော်ရောက်မှ ပြောမယ်ဆိုရင် လတ်တော်ဥက္ကဋ္ဌ သူရဦးရွေမန်းပြောမှ ကြားဖူးတာပါ။ အဲဒီစကားတွေနဲ့ ကျန်တော်တို့တွေဟာ နိုင်ငံကြီးကို ရှေ့ဆက်လုပ်ကြပါတယ်။

ဒီနေရာမှာ စကားဖြတ်ပြီးတော့ ပြောမယ်။ လတ်တော်ဥက္ကဋ္ဌကြီးက ကျန်တော်ကို တစ်ရက်မေးတယ်။ ကိုခိုင်မောင်ရည်၊ ကုန်သွယ်ရေးရုံးမှာ ဖြစ်တုန်းက ခင်ဗျားဘယ်မှာလဲတဲ့။ ကုန်သွယ်ရေးရုံးဆိုတဲ့ကိစက ကျန်တော်တစ်ခုတည်းဖြစ်ခဲ့ဖူးတယ်။ ကုန်သွယ်ရေးရုံးပေါ်က တပ်စွဲထားတဲ့ တပ်၊ လက်နက်တွေကို အရေးအခင်းတုန်းက ကျန်တော်တို့ သရက်တောကျောင်းကို ယူသွားတယ်။ အဲဒီတပ်မှူးက ဘယ်သူလဲသိလားတဲ့၊ ကျန်တော်မသိဘူး။ အဲဒါ ကျန်တော်ပဲတဲ့။ အဲတော့ ကျန်တော်နဲ့ ဥက္ကဋ္ဌကြီး သူရဦးရွေမန်းနဲ့က အရေးအခင်းတုန်းက ကျန်တော်တို့တွေက မျက်နှာချင်းဆိုင်၊ ထိပ်တိုက်ဆန့်ကျင်ဘက်တွေဖြစ်ခဲ့ကြတယ်ဆိုတဲ့ ကိစလေးတစ်ခုလတ်တော်ထဲမှာ ဥက္ကဋ္ဌကြီးက ပြောဖြစ်ခဲ့ပါတယ်။ ဒီလိုမျိုးဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ ဒါတွေကို ကျန်တော်တို့ သင်ပုန်းချေပြီးတော့ ကျန်တော်တို့ပါတီစွဲ၊ ဝါဒစွဲတွေ ကင်းရှင်းဖို့အတွက်ကိစကို အဲဒီစကားတွေကို ကျန်တော်ကြိုက်လို့ သုံးခဲ့ပါတယ်။

ယူပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရလာတဲ့ NLD ကို ကျန်တော်တို့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုဖို့ ကဏ္ဍတစ်ခု လိုအပ်တယ်ဆိုပြီးတော့မှ ကျန်တော်ကြိုဆို တဲ့ပွဲလေးလုပ်ပါတယ်။ ကျန်တော့် ဘာသာ ကျန်တော်လုပ်တာပါ။ ကျန်တော့်ပါတီကို ကျန်တော်ခွင့် တောင်းပါတယ်။ ဥက္ကဋ္ဌကကောင်း တယ်။ သဘောထားကြီးတာပြတယ်။ ကောင်းတယ်ဆိုပြီးတော့ ကျန်တော့်ဥက္ကဋ္ဌကို ခွင့်တောင်းတော့ အဲဒီလိုပဲ ခွင့်ပြုခဲ့ပါတယ်။ ပါတီဥက္ကဋ္ဌက ပြောတာပါ။ လတ်တော်တာဝန်ထမ်းဆောင်စဉ်မှာ ကျန်တော်တို့ခရီးစဉ်တွေ သွားရောက်ဖို့ အကြိမ်ကြိမ်တွေ ဖိတ်ကြားခံရပါတယ်။ လတ်တော်က နှစ်ကြိမ်ဖိတ်ပါတယ်။ ကျန်တော် တစ်ကြိမ်ပဲ သွားပြီးတော့ ကျန်တဲ့အကြိမ်တွေကို ငြင်းဆိုခဲ့ပါတယ်။ လတ်တော်အကြိမ်တွေနဲ့ တိုက်တဲ့အတွက် အဲဒီအခွင့်အရေးကို မယူခဲ့ပါဘူး။ အဲဒီတစ်ကြိမ်မှာမှ မှတ်သားစရာကိစတစ်ခုဖြစ်လာပါတယ်။ နော်ဝေ ရောက်သွားပါတယ်။ ပထမဆုံးအကြိမ် အနောက် နိုင်ငံတွေက ဖိတ်ကြားတဲ့ စစ်အစိုးရက ပြောင်းလဲလာတဲ့ ဗိုလ်ချုပ်ကြီးများတာဝန်ယူတဲ့ အစိုးရအသစ် ကိုဖိတ်ကြားတဲ့ ကိစလို့သိရပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးရွေမန်းနှင့်အဖွဲ့ နော်ဝေကို လာမယ်။ ဆန္ဒပြမယ်ဆိုပြီးတော့ စီစဉ်ထားတဲ့ကိစရှိခဲ့ပါတယ်။ အဲဒီအဖွဲ့မှာခေါင်းဆောင်မယ့်သူက စောစောက ကုန်သွယ်ရေးရုံးမှာ ဖြစ်ခဲ့တဲ့ကိစမှာ ကျန်တော်နဲ့ ကျန်တော်အဖွဲ့ထဲမှာပါတဲ့ သူတစ်ယောက်ခေါင်းဆောင်တာဖြစ်ပါတယ်။ သူက ကျန်တော်ကို အကြိတ်အနယ် Green Hotel မှာ လာတွေ့ပြီးပြောပါတယ်။ အဲဒီတော့ ကျန်တော် ရှင်းပြပါတယ်။ Rubber Stamp လတ်တော် မဟုတ်တော့ဘူး။ တကယ်လုပ်နေတာ ခင်ဗျား တာဝန်ယူသလား။ ကျန်တော် အသက်နဲ့ တာဝန်ယူ တယ်။ အဲဒီမှာ ဦးမောင်မောင်သိမ်း ပါပါတယ်။ ဦးစိုးသာပါပါတယ်။ ပြီးတော့ ဦးလှမြင့်ဦး ပါပါတယ်။ အဲဒီသုံးယောက်နဲ့ ကျန်တော်သူငယ်ချင်းတွေ့ ပေးလိုက်တယ်။ ပြေလည်သွားတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခံယူတဲ့အပေါ်ကိစတွေကို ကျန်တော်ပြောပြတယ်။ ပြီးတော့ အဲဒီလူက ဆန္ဒပြဖို့ လူ ၅၀၀ လောက်စု ထားတာကနေ မပြဖြစ်တော့ဘဲနဲ့။ သူလက်ခံတယ်။ ဒါဆိုသူမလုပ်တော့ဘူး။ သူကဘာလုပ်ခဲ့တဲ့သူ လဲဆိုရင် နော်ဝေနိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မ တစ်နှစ်ဆိုင်းငံ့တယ်ဆိုတဲ့ကိစကို နော်ဝေလတ်တော်ရှေ့မှာ ဆန္ဒပြခဲ့တဲ့သူဖြစ်ပါတယ်။ အဲဒီတော့ နောက်ရက်မှာတော့ ဥက္ကဋ္ဌကြီး သူရဦးရွေမန်းကို သူကိုယ်တိုင် ကားပေါ်အထုတ်တွေလိုက် ထမ်းတင်ပြီးတော့ ဥက္ကဋ္ဌကြီးနဲအတူ ဓာတ်ပုံရိုက်တာတွေ သူလုပ်သွားတယ်လို့ နောက်မှ ကျန်တော် သိရတာပါ။ အဲဒီတော့ ဒါဟာ ဘာလဲဆိုရင် စောစောက ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲဆိုတဲ့ ကိစတွေမှာ ကျန်တော် ပါတီစွဲရှိခဲ့ရင် အဲဒီကိစကို မျက်နှာလွဲပြီး နေချင်နေခဲ့မယ်။ ဒါပေမဲ့ ကျန်တော်တို့ ဒီလိုနေလို့ မရတော့ဘူး။ ကျန်တော်

အခု ဘာကြောင့်ပြောတာလဲ ဒါနောက်ဆုံးနေ့မို့ ပြောတာပါ။ တက်လာတဲ့ လတ်တော် ကိုယ်စားလှယ် အသစ်များသည် ပါတီပေါင်းစုံဖြစ်ပါတယ်။ အရောင်အသွေးအစုံပါ။

ဒါပေမဲ့ အများဆုံးကတော့ NLD ပါ။ ဒါပေမဲ့ ကျန်တော်ပြောချင်တာကတော့ ပါတီစွဲ၊ ဝါဒစွဲတွေမရှိဘဲနဲ့ ရှေ့ဆက်ပြီးတော့ အများကြီးအလုပ်လုပ်ကြရမယ်။ ကျန်တော်တို့ လျှောက်ချင်တဲ့ လမ်းကို ကျန်တော်တို့ လှလှပပလေးနဲ့ သွားနိုင်ကြဖို့ ကျန်တော့်အနေနဲ့ လတ်တော်မှာ တာဝန်ကျေပွန်အောင် ကျန်တော် ဘဝတစ်လျှောက်လုံးမှာ ဒီငါးနှစ်တာကာလဟာ အကြိုးစားဆုံးလို့ ကျန်တော်မှတ်ယူပါတယ်။ ကျန်တော် လတ်တော်မှာ တစ်ခါမှ ခွင့်မယူဘူးပါဘူး။ ဒါကတော့ လတ်တော်မှာ တစ်ခါမှ အိပ်မငိုက်ဖူးပါဘူး။ တာဝန်နှင့် နှစ်ရက် ခွင့်ယူတယ်။ တစ်ရက်က မိမိကိုယ်ပိုင်ကိစ အဲဒီကိုယ်ပိုင်ကိစသည် (၈၈) ၂၅ နှစ်မြောက် နှစ်ပတ်လည်ကို တက်ရတဲ့ပွဲဖြစ်ပါတယ်။ လတ်တော် ဥကဋ္ဌကြီးက သဝဏ်လာပေးလိုက်တာကို ကျန်တ်ယူသွားပါတယ်။ နောက် လတ်တော်မှာ အိပ်မငိုက်တဲ့ကိစ ကျန်တော်မှာ အဲဒီလျို့ဝှက်ချက် ရှိပါတယ်။ လျို့ဝှက်ချက်ပိုင်ဆိုင်ထားလို့ပါ။ အဲဒီတော့ အဲဒါတွေကို သိချင်ရင် ကျန်တော်ဆီလာမေးပါ။ အဲဒီတော့ နောက်ပြောချင်တာကတော့ ကျန်တော်တို့ဟာ အခုမလုပ်ပေးနိုင်တာဆိုလို့ လတ်တော်ကိုယ်စားလှယ်ကိစတွေမှန်သမျှ လတ်တော် ဥကဋ္ဌကို တင်ပြပြီးမှ အခွင့်အရေးတွေတောင်းရအောင် ကြိုးစားခဲ့တယ်။ ဒါပေမယ့် နောက်တက် လာမယ့် လတ်တော်ကိုယ်စားလှယ်တွေကို တစ်ယောက် အိမ်တစ်လုံးစီ နေထိုင်ခွင့်ရအောင်တော့ ကျန်တော်မလုပ်ပေးနိုင်ခဲ့ပါဘူးခင်ဗျား။ အဲဒီတော့ ကျန်တော့်အနေနဲ့ ဒီနေ့ ပြောတဲ့ ပြောဆိုချက် တွေဟာ ကျန်တော့်ပါတီကို ပြောပါတယ်။ နှုတ်ခွန်းဆက်ပြောရမယ့်စကား ပါတီအနေနဲ့ပြောဖို့ ရေးပေးဖို့ ပါတီကလုပ်ပိုင်ခွင့်ပေးလိုက်ပါတယ်။ ကြိုက်သလိုလုပ်ပါဆိုတော့ ကျန်တော်က ကျန်တော့် အာဘော်အတိုင်း ပြောခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျန်တော်တို့ ဒီမိုကရေစီဘက်တော်သား၊ ဒီမိုကရေစီကနဲ့လန့်ကာ အတူဖွင့်ခဲ့တဲ့ ပုဂ္ဂိုလ်များအနေနဲ့ လတ်တော်မှာ ခွင့်ယူသည်ဖြစ်စေ၊ ခွင့်မယူ သည်ဖြစ်စေ၊ အိပ်ငိုက်သည်ဖြစ်စေ၊ အိပ်မငိုက်သည်ဖြစ်စေ ကျန်တော်တို့ တာဝန်ကျေအောင် လုပ်ခဲ့ကြပြီးပြီ။ ဒါပေမဲ့ မျိုးဆက်သစ်များကိုတော့ လတ်တော်မှာ ခွင့်တွေ ခဏခဏမယူဘဲ အိပ်မငိုက်ဘဲ လုပ်နိုင်ကြပါစေလို့ ဆုတောင်းရင်း ပထမပိုင်းကို ကျန်တော် ရပ်ပါ့မယ်။

ပြီးတော့ ကျန်တော့်အနေနဲ့ အမွေပေးတဲ့စာလေးကို ဆက်ပြီးတော့ ပြောပါမယ်ခင်ဗျား။ အဲဒီတော့ အမွေပေးတာက ဒီနေ့ပဲ ကျန်တော့်ဆီကို စာတစ်စောင်ရောက်လာလို့။ သို့ ခိုင်မောင်ရည် အလုံမဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ်။ အကြောင်းအရာ ပြည်သူ့လတ်တော်

ကိုယ်စားလှယ်၏ အဆိုကိုဖတ်ပြပါမယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ အရည်အချင်းပြည့်ဝ၍ နယ်ပယ်စုံ၊ အဆင့်စုံမှ လက်ရွေးစင်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးတို့တွင် အားကစားကဏ္ဍကို သတ်မှတ်ထည့်သွင်း အကောင်အထည်ဖော်ရေးအတွက် အားကစားဌာနနှင့် ပညာရေးဌာနတို့ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖြေကြားချက်ရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြေကြားချက်ရရှိပါက စာဖြင့်ပေးပို့မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်တဲ့။ စာဖြင့်ပေးပို့ရင်လည်း ကျန်တော်လုပ်လို့မရတော့ပါဘူး။ အဲဒီတော့ ဒီအမွေကို နောက်လူများကို ပေးခဲ့ပါပြီ။ အားလုံးပျော်ရွှင်ချမ်းမြေ့စွာနဲ့ ပြည်သူ့တာဝန်ကျေနိုင်ကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက နှုတ်ဆက်အမှာစကားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယအကြိမ် ပြည်သူ့လတ်တော်သို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ကိုယ်စား ဆုမွန်ကောင်းဖြင့်နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားပြု လတ်တော်ကိုယ်စားလှယ်ဦးမောင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးများမှာ ပြည်သူများက ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်အသီးသီးကို ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ခဲ့ခြင်းဖြင့် သမိုင်းမှတ်တမ်းမှာ ပြည်သူ့ဘက်က တာဝန်ကျေပွန်ကြကြောင်း မော်ကွန်းတင်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ပြည်သူတွေရဲ့ယုံကြည်အားထားမှုနှင့် မျှော်လင့်ချက်ကြီးမားစွာဖြင့် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံခဲ့ရတဲ့ ကျန်တော်တို့ ပထမအကြိမ် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များဟာ သိမ်မွေ့ခက်ခဲတဲ့ ခေတ်စနစ်ပြုပြင်ပြောင်းလဲရေးတာဝန်တွေကို စိန်ခေါ်မှုများကြားက ကြိုးစားပမ်းစား ဖြတ်သန်းခဲ့ကြရပါတယ်။

တစ်နည်းအားဖြင့် အသွင်သဏ္ဍာန်ရော အနှစ်သာရပါ မတူညီကြတဲ့ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းကြောင်းနှင့်အညီ ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့်စနစ်ကို အစပျိုးပြီး အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ပြီဟုဆိုရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းဟာ ငါးနှစ်တာကာလအတွင်း တာဝန်ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့ ပြည်သူ့လတ်တော် ဥက္ကဋ္ဌကြီးဦးဆောင်တဲ့ ပါတီအသီးသီးမှ ကိုယ်စားလှယ်ကြီးများ၊ ရေးရာကော်မတီအသီးသီးနှင့် ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ ရုံးလုပ်ငန်းအဝဝကို ကြိုးစားပမ်းစားထမ်းဆောင်ခဲ့ကြတဲ့ ရုံးအဖွဲ့အသီးသီးမှ ဝန်ထမ်းများရဲ့စွမ်းဆောင်မှုကြောင့်ဖြစ်လို့ ကျန်တော်တို့ပါတီက အားလုံးကိုလေးစားစွာ ဂုဏ်ပြုပါကြောင်းတင်ပြအပ်ပါတယ်။

ကျန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအပါအဝင် ပါတီအသီးသီးက လတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတို့ကိုယ်စားပြုတဲ့ အမိလတ်တော်ကြီးက အပ်နှင်းလိုက်တဲ့ ဥပဒေပြုရေးတာဝန်၊ ရေးရာကော်မတီအသီးသီးရဲ့တာဝန်၊ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ ပြည်သူများက ပေးအပ်လိုက်တဲ့တာဝန်များကို ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့လိုအပ်ချက်နှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း အသွင်ကူးပြောင်းရေးကာလဖြစ်တဲ့ အတွက် ရာနှုန်းပြည့် အားရကျေနပ်မရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ သို့သော် တစ်စုံတစ်ခု သောအတိုင်းအတာအထိ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် အုတ်မြစ်ချပေးနိုင်ခဲ့တယ်လို့ ယူဆမိပါကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ်နှင့် ခွဲခြားမရတဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ယခုအခါ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ မျှော်လင့်ချက်တွေကို ပြည့်ဝစေမယ့်အဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့ပြီလို့ ယူဆမိပါ တယ်။ ဘာကြောင့်လဲဆိုတော့ တွေ့ဆုံဆွေးနွေးအဖြေရှာမှုရဲ့ ရလဒ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ အစိုးရအဖွဲ့၊ လတ်တော်များ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များနှင့်အတူ ကျန်တော်တို့ ပါတီကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးပါတီများကပါ တက်ညီ လက်ညီ ထိရောက်စွာကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီစာချုပ်ဟာ စစ်ဘေးဒဏ်သင့်ခဲ့ကြတဲ့ ပြည်သူတွေရဲ့ အသက်အန္တရာယ်နဲ့ လူမဒုက္ခတွေကို ချုပ်ငြိမ်းစေမည့် ပြည်သူအားလုံး မျှော်လင့် တောင့်တ အလိုအပ်ဆုံးအချက်ကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မကြာမီကာလမှာ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ဆန္ဒပြုမိပါတယ်ခင်ဗျား။ ကျနော်တို့ ပါတီကိုယ်စားလှယ်များမှလည်း ငြိမ်းချမ်းရေးဖြစ်စဉ်အစမှ ရည်မှန်းချက်ပြီးမြောက်အောင်မြင်သည်အထိ တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျင့်သုံးလျက်ရှိတဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိနိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေဖို့ လေ့လာသုံးသပ်တင်ပြနိုင်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အကောင်အထည်ဖော်မကော်မတီကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာမှ ကျနော်တို့ပါတီရဲ့ ကိုယ်စားလှယ်များပါဝင်ခဲ့ပြီး တိုင်းရင်းသားပြည်သူများ အကျိုးဖြစ်ထွန်းစေမယ့် အကြံဉာဏ်များကို တင်ပြနိုင်ခဲ့ကြပါတယ်။

ကျနော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့ကို လမ်းခြံအကျိုးဖြစ်ထွန်းစေမယ့် ဥပဒေပြုစုရေးလုပ်ငန်းတာဝန်များအပြင် ရေးရာကော်မတီများအလိုက်ပြည်သူတို့ရဲ့တင်ပြချက်များ မိမိတို့ကိုယ်စားပြုတဲ့မဲဆန္ဒနယ်မြေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ချက်များဟာစိတ်စေတနာမှန်ကန်စွာဖြင့် တတ်စွမ်းသမျှဆောင်ရွက်ကြသော်လည်း လိုအပ်ချက်များစွာရှိနေသေးကြောင်းသဘောပေါက် ခံယူထားပါတယ်။ နိုင်ငံတော်နှင့် တိုင်းရင်းသားများအတွက် ပါတီစုံဒီမိုကရေစီကိုအစပျိုးပေးတဲ့အဆင့်ကိုပဲ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပီပြင်စွာဖြစ်ထွန်းလာစေရေးအတွက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလမှာ တာဝန်ထမ်းဆောင်ကြမယ့် ကိုယ်စားလှယ်ကြီးများမှ အောင်မြင်စွာဆက်လက်သယ်ပိုးဆောင်ရွက်သွားနိုင်ကြလိမ့်မယ်လို့ အားထားယုံကြည်မျှော်လင့်မိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်သက်တမ်း ငါးနှစ်တာကာလအတွင်းမှာ သိမ်မွေ့နက်နဲခက်ခဲလှတဲ့ လွှတ်တော်ကြီးရဲ့လုပ်ငန်းတာဝန်များကို မတိမ်းမစောင်းရအောင် ထိန်းကျောင်းဦးဆောင်ဦးရွက်ပြုခဲ့တဲ့ ဥက္ကဋ္ဌကြီးကို ကျနော်တို့အနေနဲ့ အထူးလေးစားဂါရဝပြုအပ်

ပါတယ်။ လတ်တော်အတွင်းမှာ မည်သည့်အစွဲတရားမှမထားရှိဘဲ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ လတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ လတ်တော်ရုံးဌာနအသီးသီးမှဝန်ထမ်းများအားလုံးကိုလည်း အစဉ်အမှတ်တရ ကျေးဇူးတင်ရှိနေမှာဖြစ်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဒုတိယအကြိမ်လတ်တော်သက်တမ်းကာလမှာ တာဝန်ထမ်းဆောင်ကြမယ့်ကိုယ်စားလှယ်ကြီးများကိုလည်း နိုင်ငံတော်နှင့် ပြည်သူအကျိုးကို နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့်သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အားလုံးပြီးဆုံးအောင် ၄ နာရီကျော်သည်အထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီက နှုတ်ခွန်းဆက်အမှာစကားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ မိုင်ဆွမ်ခ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ပြည်သူ့လတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ လတ်တော်ကိုယ်စားလှယ်အသစ်၊ အဟောင်းအပေါင်းတို့ခင်ဗျား။ ကျန်တော်ကတော့ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ အခုလို ပထမအကြိမ် လတ်တော်သက်တမ်းကုန်ဆုံးတဲ့အချိန် ဒုတိယအကြိမ် လတ်တော်သက်တမ်းလည်း စတင်တော့မယ့်အချိန်မှာလတ်တော်ကိုယ်စားလှယ်များကို နှုတ်ဆက်အမှာစကား ပြောကြားခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ အကြောင်းကတော့ လွန်ခဲ့တဲ့ငါးနှစ်တာကာလအတွင်း ပထမအကြိမ် လတ်တော်က ဆောင်ရွက်ခဲ့မများရဲ့ အားကောင်းချက်၊ အားနည်းချက်များနှင့်ပတ်သက်ပြီးမိမိတစ်ဦးချင်းရဲ့အမြင်ကို အခုလို လတ်တော်ရဲ့ သမိုင်းဝင်ကာလအချိန်မှာ ထုတ်ဖော်ပြောကြားခွင့်ရလို့ပဲဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ပထမအကြိမ် လတ်တော်ဟာ မြန်မာနိုင်ငံမှာနှစ်ပေါင်း(၅၀)ကျော်ကာလအတွင်း ပထမဆုံးပေါ်ပေါက်ခဲ့တဲ့ ပါတီစုံရွေးကောက်ပွဲနှင့်တက်လာတဲ့လတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့လတ်တော်ဖြစ်လို့ပါပဲ။ ဒါကြောင့်လည်း ကျန်တော်တို့အားလုံးဟာ လတ်တော်တာဝန်တွေနှင့်ပတ်သက်ရင် အစိမ်းသက်သက်ဖြစ်ခဲ့ကြသလို နိုင်ငံရေးအာဏာသုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းရတဲ့ဖြစ်စဉ်ကလည်း အစိမ်းသက်သက်ပဲ ဖြစ်ပါ

တယ်။ ကြီးလေးတဲ့ ဒီလိုတာဝန်သစ်တစ်ရပ်ကို အတွေ့အကြုံမရှိသေးတဲ့ ကျန်တော်တို့တစ်တွေက ထမ်းဆောင်ခဲ့ရတာဖြစ်လို့ ကျန်တော်တို့လတ်တော်ရဲ့ ဆောင်ရွက်ချက်တွေမှာ သင့်တော်မှန်ကန်ခဲ့တာတွေရှိသလို မသင့်တော်မှားယွင်းခဲ့တာတွေလည်း ရှိကောင်းရှိပါလိမ့်မယ်။

ဒီနေ့မှာတော့ လတ်တော်ရဲ့ ဆောင်ရွက်ချက်တွေထဲက ကျန်တော်သတိပြုမိခဲ့တဲ့ အဓိက အားကောင်းချက်နှင့် အားနည်းချက်များကို တင်ပြသွားလိုပါတယ်။ အဓိကအားကောင်းချက်ကတော့ အာဏာရှင်စနစ်အောက်မှာရှိခဲ့စဉ်က အစိုးရရဲ့ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ပြည်သူလူထုက ဘာမှပြောဆိုဝေဖန်ထောက်ပြပိုင်ခွင့်မရှိခဲ့တဲ့ အနေအထားတစ်ရပ်ကနေ ဖောက်ထွက်နိုင်အောင် လတ်တော်က ရှေ့ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဥပဒေပြုရေး မဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြား အပြန်အလှန်ထိန်းကျောင်းမကို တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီလို လတ်တော်က ရှေ့ဆောင်လမ်းပြပြီးတဲ့နောက်မှာ စတုတ မဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများ လွတ်လပ်စွာ ရေးသားပြောဆိုခွင့် ရလာခဲ့ပါတယ်။ လတ်တော်ရဲ့ ဒီအားကောင်းချက်ကို ကမ္ဘာ့နိုင်ငံရေးလောကကပင် အသိအမှတ်ပြုခဲ့ကြရတာဖြစ်ပါတယ်။

ဒုတိယအားကောင်းချက်တစ်ခုကတော့ ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်မှာ နိုင်ငံနှင့် နိုင်ငံသားများကောင်းကျိုးအတွက် တစ်ပါတီနှင့်တစ်ပါတီအကြား မူဝါဒနှင့်လုပ်နည်းလုပ်ဟန်တွေ မတူညီတာ၊ အယူအဆတွေ ကွဲပြားခြားနားကြတာတွေ ရှိနိုင်ပေမယ့် ရန်-ငါဆိုတာမရှိဘူး။ ပြည်သူလူထု အကျိုးအတွက်ဆိုရင် အားလုံးဟာ မိတ်ဆွေတွေအဖြစ်နှင့် အတူတကွ လက်တွဲဆောင်ရွက်နိုင်ရမယ် ဆိုတဲ့ ဒီမိုကရက်တစ်ယဉ်ကျေးမတစ်ခုကို လတ်တော်အတွင်းမှာ စိုက်ထူနိုင်ခဲ့တာပဲဖြစ်ပါတယ်။

လတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမအကြိမ် လတ်တော်ရဲ့ အဓိကအားကောင်း ချက်နှစ်ချက်ကို ပြောဆိုပြီးတဲ့နောက်မှာ အားနည်းချက်တချို့လို့ ကျန်တော်ယူဆတဲ့ အချက်လေးချက် ကိုလည်း ပြောလိုပါတယ်။ ပထမဆုံးအချက်ကတော့ လတ်တော်ဟာ မိမိလုပ်ကိုင်ဆောင်ရွက်ချက် တွေနဲ့ပတ်သက်ရင် ပထမပိုင်းမှာတုန်းက ဝေဖန်ထောက်ပြမကို လက်မခံတာဘဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်အောက်မှာ အကျိုးအကြောင်းနှင့် ဝေဖန်ထောက်ပြတဲ့ယဉ်ကျေးမတစ်ခု မရှိမဖြစ် လိုအပ်ပါတယ်။ ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လတ်တော်ရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို လတ်တော်အတွင်း ကသော်လည်းကောင်း၊ အပြင်ကသော်လည်းကောင်း ဝေဖန်ထောက်ပြခွင့်ရှိမှသာလျင် မိမိတို့ရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေ မှားနေခဲ့ရင်၊ ဥပဒေနှင့်မညီရင် အချိန်မလွန်ခင် ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။

ဒါမှသာ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့လွှတ်တော်ကလည်း ပြဋ္ဌာန်းထားတဲ့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်တွေကို တိတိကျကျလိုက်နာဆောင်ရွက်တဲ့ အစဉ်အလာကောင်းတစ်ရပ်ကို ထွန်းကားစေမှာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ထောက်ပြလိုတာကတော့ ခေတ်နှင့်မလျော်ညီတော့တဲ့ ဥပဒေတွေကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ဖို့ တာဝန်ရှိတဲ့လွှတ်တော်ဟာ အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကိုပြင်ဆင်ချင်တဲ့အခါ မြန်မာဘာသာနဲ့ ဥပဒေကြမ်းတင်၊ ဆွေးနွေးတာကို ခွင့်မပြုတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖို့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များက ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ အမှန်ကတော့ ပြင်ဆင်လိုတဲ့ မူရင်းပြဋ္ဌာန်းချက် အပိုဒ်၊ ပြင်ဆင်ချက်ဥပဒေကြမ်းနှင့် လွှတ်တော်တွင်း ဆွေးနွေး၊ အတည်ပြုတာမှန်သမျှ မြန်မာလိုဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှသာ အဲဒီနောက်ဆုံးအတည်ပြုချက်ကို အင်္ဂလိပ်ဘာသာပြန်ဆိုလိုက်ရင်ဒီကိစ္စဟာ အလွယ်တကူ ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ထောက်ပြလိုတာကတော့ ဥပဒေကြမ်းကော်မတီဟာ ဥပဒေပြုရေးနှင့်ပတ်သက်ပြီး များပြားလှတဲ့တာဝန်တွေ ပိနေတာမို့ အလုပ်မနိုင်မနင်းဖြစ်ခြင်းပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ရင်တော့ ဥပဒေကြမ်းများစိစစ်တဲ့အခါမှာ ဘာသာရပ်ဆိုင်ရာကော်မတီများအလိုက် ဥပဒေကြမ်းကိုစိစစ်ဖို့ တာဝန်ခွဲဝေပေးသင့်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာလွှတ်တော်ဥပဒေတွေကို သင့်တော်စွာ ပြင်ဆင်ပြောင်းလဲရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးအကြီးဆုံးနဲ့နောက်ဆုံးအချက်အဖြစ် ပြောလိုတာကတော့ လွှတ်တော်က ဘယ်လောက်ပင်ကောင်းမွန်တဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးနိုင်ပါစေ အစိုးရကရော၊ ပြည်သူကပါ လိုက်နာမမရှိရင်တော့ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီခရီးလမ်းက ဘယ်ကိုမှရောက်လိမ့်မယ်မဟုတ်ဘူးဆိုတာပါပဲ။ ဥပဒေစိုးမိုးမှုမရှိတဲ့ လူ့အဖွဲ့အစည်းဟာ ဒီမိုကရေစီနှင့်ဝေးရာအရပ်ဘက်ဆီ ရွေ့လျားသွားနေတယ်ဆိုတာကို သတိထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးအတွက် ရည်ရွယ်ပြဋ္ဌာန်းလိုက်တဲ့ အဲဒီဥပဒေများအတိုင်း အုပ်ချုပ်တဲ့ အစိုးရက စံပြလိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြရမှာဖြစ်သလို ပြည်သူများကလည်း ဥပဒေကို ရိုသေလေးစားလိုက်နာကြရမှာဖြစ်ပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေ

အကျိုးသက်ရောက်မရှိ/မရှိကိုလည်း လတ်တော်က မိမိအစီအစဉ်နဲ့မိမိ စုံစမ်းလေ့လာနေသင့်ပါတယ်။ ဥပမာအားဖြင့် တောင်သူလယ်သမားတွေအကျိုးရှိစေဖို့ ပြဋ္ဌာန်းလိုက်တဲ့လယ်ယာမြေဥပဒေ၊ ဒီဥပဒေဟာ လတ်တော်စတင်ကာစ အစောပိုင်းကာလကတည်းက ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အတိုးနှုန်းနည်းနည်းနဲ့ အလွယ်တကူပေါင်နှံပြီး မိမိရဲ့လုပ်ငန်းအတွက် ရင်းနှီးလုပ်ကိုင်နိုင်ကြပြီလား။ မလုပ်နိုင်ကြသေးဘူးဆိုရင် ဘာကြောင့်လဲ။ ဒီလယ်ယာမြေဥပဒေကြောင့် လယ်သမားတွေ တကယ်အကျိုးရှိစေခဲ့ပြီလား။ ဥပဒေရဲ့အကျိုးသက်ရောက်မှုက အနိုင်ရပါတီရဲ့ ပြည်သူကိုကတိပေးထားချက်တွေတစ်နည်းအားဖြင့် ပါတီရဲ့မူဝါဒတွေကို အကောင်အထည်ပေါ်စေခဲ့ပြီလား။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ဥပဒေအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်မရှိရဲ့လား စတဲ့စတဲ့ ဥပဒေရဲ့အကျိုးသက်ရောက်မတွေကို လေ့လာသုံးသပ်မတွေ ပြုလုပ်ဖို့လိုပါတယ်။ ဒီတာဝန်ကို လတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမြို့နယ်အလိုက်လေ့လာပြီး လတ်တော်ကိုပြန်တင်ပြကာ လိုအပ်ရင်ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်မတွေပြုလုပ်ကာ ထိထိရောက်ရောက်ဖြစ်စေဖို့ ကြိုးစားအားထုတ်တာမျိုးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ကျန်တော်ဆိုလိုချင်တာက အကျိုးသက်ရောက်မမရှိတဲ့ ဥပဒေတွေရာထောင်ချီပြဋ္ဌာန်းပေးနိုင်တာထက် တကယ်အကျိုးသက်ရာက်မရှိတဲ့ ဥပဒေအနည်းအကျဉ်း ပြဋ္ဌာန်းပေးနိုင်တာမျိုးကို လတ်တော်က ပိုမိုအလေးထားပါဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောက်ခြေပြည်သူလူထုက တကယ့်ထိရောက်တဲ့အမှန်အကန်အပြောင်းအလဲကို မျော်လင့်တောင့်တနေကြပါတယ်။ ကျန်တော်တို့အားလုံးဟာ နိုင်ငံနှင့်နိုင်ငံသားများကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုတဲ့သန္နိဋ္ဌာန်နဲ့ နိုင်ငံရေးလုပ်နေကြတာဖြစ်တယ်လို့ ကျန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် လတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်ဖြစ်စေ၊ ပြန်လည်အရွေးချယ်မခံရသည်ဖြစ်စေ ကိုယ်ရောက်ရာနေရာကနေ တတ်နိုင်တဲ့ဘက်က နိုင်ငံနှင့်နိုင်ငံသားများအကျိုးအတွက် ဆက်လက်ဆောင်ရွက်နိုင်ကြပါစေလို့ လတ်တော်ကိုယ်စားလှယ်အသစ်၊ အဟောင်းအားလုံးကို တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရခိုင်အမျိုးသားပါတီက နှုတ်ဆက်အမှာစကားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသောပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး၊

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ရခိုင်အမျိုးသားပါတီရဲ့ကိုယ်စား ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျနော်ကတော့ ရခိုင်အမျိုးသားပါတီကိုယ်စားပြု ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်သက်တမ်းရဲ့ နောက်ဆုံးနေ့ဖြစ်တဲ့ ဒီကနေ့မှာ ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ ရခိုင်အမျိုးသားပါတီကိုယ်စားပြုပြီးတော့ နှုတ်ဆက်စကားပြောခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးအထူးတင်ရှိပါကြောင်းလည်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျနော်တို့ ရခိုင်အမျိုးသားပါတီဆိုတာ တိုင်းရင်းသား နိုင်ငံရေးပါတီတစ်ခုဖြစ်ပါတယ်။ ကျနော်တို့ ရခိုင်အမျိုးသားပါတီဟာ ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲအနိုင်ရတဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲအနိုင်ရတဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကို ပေါင်းပြီးတော့ ဖွဲ့စည်းထားတဲ့ပါတီဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် အနိုင်ရတဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကတော့ လွှတ်တော်ကို မတက်ရောက်ခဲ့ရပါဘူး။ လွှတ်တော်မခေါ်တဲ့အတွက်ကြောင့် မတက်ရောက်ခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြုပြီးတော့ ပေါ်ပေါက်လာတဲ့ လွှတ်တော်ဖြစ်တယ်ဆိုတာ ဥပဒေကအထင်အရှားရှိပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ဒီနေ့ ကျနော်တို့ ပြောဆိုနေကြတာတွေ ကြိုက်တာရော၊ မကြိုက်တာရောရှိတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ခိုင်ခိုင်မာမာပေါ်ပေါက်လာတဲ့အတွက်ကြောင့် ကျနော်တို့တွေ ရွေးကောက်ပွဲလုပ်ပြီးတဲ့အခါ ဒီလွှတ်တော်ကြီးပေါ်ပေါက်လာလို့ ကျနော်တို့ ဒီနေရာမှာ မိမိတို့ ရခိုင်တိုင်းရင်းသားအနေနဲ့ တခြားတိုင်းရင်းသားများရဲ့ လိုအပ်ချက်တွေကို လွှတ်တော်အတွင်းတွေမှာ ဆွေးနွေးစကား ပြောကြားလာနိုင်ကြပါတယ်။

ကျနော်တို့ ရခိုင်အမျိုးသားပါတီအဖြစ်နဲ့ ပူးပေါင်းမထူထောင်ခင် ရခိုင်အမျိုးသားတိုးတက်ပါတီလို့ စတင်ထူထောင်လာစတုန်းကပဲ ကျနော်တို့ပါတီရဲ့ ရည်ရွယ်ချက်တွေကတော့ ရခိုင်ပြည်နယ်ဒေသအတွင်းမှာ နေထိုင်ကြတဲ့ရခိုင်လူမျိုးများအပါအဝင် တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်တိုင်းရင်းသားအပါအဝင် တခြားတိုင်းရင်းသားအားလုံးဟာ ဒီပြည်ထောင်စုနိုင်ငံအတွင်းမှာ နိုင်ငံရေးအရ တန်းတူညီတူရှိရေး၊ နောက်တစ်ခါ ဒီမိုကရေစီအရေးနှင့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးဆိုတဲ့ နိုင်ငံရေးမျှော်မှန်းချက်တွေ ကျနော်တို့ ပါတီမှာရှိပါတယ်။ ကျနော်တို့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ လွှတ်တော်တွေပေါ်လာတယ်။ ကျနော့် ရှေ့က

ပြောသွားကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆွေးနွေးချက်တွေမှာလည်း ပါပါတယ်။ လတ်တော်ကြီး ပေါ်လာတဲ့အတွက်ကြောင့် ပြည်သူတွေရဲ့အားရဝမ်းသာဖြစ်မ၊ ကျန်တော်တို့ လတ်တော်ကိုယ်စား လှယ်တွေရဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်မတွေ ကျန်တော့် ရှေ့က ပြောသွားကြ ပြီဖြစ်ပါတယ်။ ဒီလိုလတ်တော်ငတ်နေတဲ့အချိန်၊ ဒီမိုကရေစီငတ်နေတဲ့အချိန်မှာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကိုအကြောင်းပြုပြီးတော့ ကျန်တော်တို့ လတ်တော်ကို ရောက်လာကြတယ်။ လတ်တော် စတင်ရောက်ခါစတုန်းကတော့ ကျန်တော်တို့တွေကလည်း ကျန်တဲ့အဖွဲ့အစည်းက ပုဂ္ဂိုလ် တွေကိုမသိ။ ကျန်တော်တို့တွေကိုလည်း ဘယ်သူတွေကမှမသိ။ ကျန်တော်တို့ကလည်း ဝေးလံခေါင်သီ တဲ့ဒေသတွေက လာကြတယ်ဆိုတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် သိကျမ်းခင်မင်မမရှိတာလည်း ပါမှာပေါ့လေ။ စည်းမျဉ်းစည်းကမ်းတွေ တော်တော်လေးတင်းတင်းကြပ်ကြပ် ကျန်တော်တို့ တွေ့ခဲ့ရပါ တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ပုဂ္ဂိုလ်ချင်း ရင်းနှီးခင်မင်လာကြတာတွေရယ်၊ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံပုံ ဆက်ဆံနည်းတွေကိုလည်း နားလည်လာကြတာတွေကြောင့် တင်းကြပ်မတွေ ဖြေလျော့လာတာတွေ ကျန်တော်တို့ တွေ့ရပါတယ်။ ဒါပေမဲ့လည်း လတ်တော်ရဲ့သက်တမ်း အလယ် လောက်မှာ ကျန်တော်တို့ကို ဖြေလျော့ထားတဲ့ စည်းကမ်းတွေ ဟိုဘက်ကို နည်းနည်းပြန်တင်းလာတာ ကျန်တော်တို့ ကြုံ ခဲ့ရပါတယ်။ ဒါတွေကလည်း ကျန်တော်တို့ လတ်တော်မှာ လိုအပ်တဲ့ဖြေလျော့မတွေ၊ တစ်ခါတလေလည်း ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ဆောင်ချက်တွေအရ ဒီလို တင်းကြပ်မတွေ၊ ဟန့်တားမတွေလိုတဲ့အတွက်ကြောင့်ဆိုတာ ကျန်တော်တို့ နားလည်သဘောပေါက် ခဲ့ပါတယ်။ လတ်တော်ကို အကြောင်းပြုပြီးတော့ ကျန်တော်တိုတွေ အတွေ့အကြုံတွေအများကြီး ရခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့ဟာ လတ်တော်ကိုအကြောင်းပြုပြီးတော့ ရခိုင်အမျိုး သားပါတီ၊ ရခိုင်တိုင်းရင်းသားများရဲ့ လိုအပ်ချက်တွေအပြင် တခြားတိုင်းရင်းသားတွေအချင်းချင်း ကြားမှာ နိုင်ငံရေးကိစ၊ လူမရေးကိစတွေ အများကြီး ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး ပြောဆိုလာနိုင်တဲ့ အတွက်ကြောင့် အကျိုးသက်ရောက်မတွေ အများကြီးရရှိခဲ့ကြပါတယ်။ လတ်တော်ရဲ့အလုပ်ဖြစ်တဲ့ ဥပဒေပြုတဲ့အလုပ်၊ အဆိုတွေတင်တယ်။ မေးခွန်းတွေမေးတဲ့အလုပ်တွေကိုလည်း ကျန်တော်တို့ဒေသ က ဒေသခံ ရခိုင်ပြည်နယ်မှာနေထိုင်ကြတဲ့ ဒေသခံတွေ၊ ရခိုင်တိုင်းရင်းသားတွေအပြင် နိုင်ငံတော် တစ်ဝှမ်းလုံးမှာ နေထိုင်ကြတဲ့ နိုင်ငံသားတွေအတွက်ပါ ကျန်တော်တို့ ဥပဒေ၊ အဆို၊ မေးခွန်းကိစတွေကို လတ်တော်ကို အကြောင်းပြုပြီးတော့ ဆောင်ရွက်လာနိုင်ခဲ့ကြတာ အားရဝမ်းသာစရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တိုနိုင်ငံမှာ ပြည်ထောင်စုမှာ ပြည်သူလတ်တော်၊ အမျိုးသားလတ်တော်၊ ပြည်ထောင်စုလတ်တော်ရယ်လို့ လတ်တော်ကြီးသုံးရပ်ရှိပါတယ်။ ဒီလတ်တော်ကြီးသုံးရပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မဏ္ဍိုင်ကြီးသုံးရပ် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်။ ဒီမဏ္ဍိုင်ကြီးသုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းဖို့ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ငါးနှစ်တာကာလမှာ ကျွန်တော်တို့ လတ်တော်အနေနဲ့ နိုင်ငံတော်အတွက်၊ နိုင်ငံသားများအတွက် မလိုအပ်တဲ့ဥပဒေတွေကို ပယ်ဖျက်၊ လိုအပ်တဲ့ပြင်ဆင်ချက်တွေကိုတင်၊ အသစ်ရေး စတာတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ဒီကဏ္ဍတွေမှာ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မတွေကတော့ ကျွန်တော်တို့ စိတ်ရှိသလောက် လတ်တော်ကိုယ်စားလှယ်တွေအပါအဝင် လတ်တော်အကြီးအကဲများ စိတ်ရှိသလောက် မဆောင်ရွက်နိုင်ခဲ့တာတွေ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ လိုအပ်ချက်တွေအများကြီးရှိသေးတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ ပါတီကတော့ တိုင်းရင်းသားကိုယ်စားပြုပါတီဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအနေနဲ့ ပေါ်ပေါက်လာတဲ့လတ်တော်များမှာ ဒီလတ်တော်များကတစ်ဆင့် ဒီမိုကရေစီနည်းလမ်းနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ယုံယုံကြည်ကြည်ရှိတဲ့အတွက်ကြောင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ မျော်မှန်းထားတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ်ကို တည်ဆောက်နိုင်ဖို့အတွက် ဖော်ဆောင်ရမယ့်ဥပဒေ လိုအပ်တာတွေ အများကြီးရှိပါသေးတယ်။ ကျွန်တော်တို့ကို လတ်တော်သို့ တင်ပို့လိုက်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လိုအပ်ချက်တွေကို ပြင်ဖို့ ကြိုးစားခဲ့ပေမယ့် ကျွန်တော်တို့တွေ မပြင်ဆင်နိုင်ကြသေးပါဘူး။ သို့သော်လည်း ဒီလိုလတ်တော်ကြီးပေါ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီနေရာမှာ၊ ဒီလတ်တော်ထဲမှာ၊ လတ်တော် ပြင်ပမှာ ပြောခွင့်ဆိုခွင့်တွေရနေကြတဲ့ ဒီလိုရရှိထားတဲ့အခွင့်အရေးကို စိတ်ရှည်လက်ရှည်ဆက်လက်ပြီးတော့ ကျွန်တော်တို့ ကြိုးပမ်းအားထုတ်ဖို့လိုပါတယ်။ နိုင်ငံရေးအလုပ်ဆိုတာ အင်မတန်သိမ်မွေ့နက်နဲလှပါတယ်။ ကျွန်တော်တို့နိုင်ငံ လတ်လပ်ရေးရတာ (၆၈)နှစ်ရှိပြီ။ ကျွန်တော်တို့ နိုင်ငံရေးခြေလှမ်း ဘယ်လောက်ရှေ့သို့တိုးလာခဲ့လို့လဲ။ အဲဒီလိုပဲ စိတ်ရှည်လက်ရှည်နဲ့ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးကဏ္ဍမှာ ကျွန်တော်တို့ အဓိက ဥပဒေဖြစ်တဲ့ ရာဇသတ်ကြီး၊ တရားမကျင့်ထုံးဥပဒေ ဒါတွေကို ပြင်ဆင်ဖြည့်စွက်တာတွေ လုပ်နိုင်ခဲ့ပေမယ့်လည်း အရွယ်မရောက်တဲ့အမျိုးသမီးတွေ၊ ကလေးသူငယ်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လတ်တော်

ကိုယ်စားလှယ်များ လိုအပ်သလောက်၊ မော်မှန်းသလောက် ခရီးမရောက်သေးဘူးဆိုတာကို တွေ့ရပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ အရွယ်မရောက်သေးတဲ့ အမျိုးသမီးငယ်၊ ကလေးသူငယ်များအတွက် ဆက်လက်ပြီးတော့ လတ်တော်ကိုယ်စားလှယ်တွေအနေနဲ့၊ လတ်တော်ကြီးများအနေနဲ့ လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးရမှာ ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။ လွတ်လပ်စွာ ပြောဆို ဆန္ဒဖော်ထုတ်နိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျနော်တို့ ဒီဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဖို့အတွက် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခွင့်တွေ ဥပဒေနဲ့ ပြဋ္ဌာန်းထားပေမယ့် ပြင်းထန်တဲ့ကန့်ကွက်ချက်တွေ ရှိနေကြတယ်ဆိုတာလည်း တွေ့ရတဲ့အတွက်ကြောင့် ဒီကိစ္စတွေကိုလည်း ပြန်လည်သုံးသပ်ဖို့ ကျနော်တို့ လတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်ဆိုတာ ကျနော်တို့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ အရ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးတင်ပြလိုတဲ့အချက်တွေ ဆက်လက်တင်ပြလိုပါတယ်။ ကျနော်တို့ တိုင်းရင်းသားဒေသတွေဟာ ဘက်စုံနိမ့်ကျနေကြပါတယ်။ တိုင်းရင်းသားဒေသတွေလို့ ဆိုတဲ့အတွက်ကြောင့် တိုင်းရင်းသားဒေသတွေမှာ နေထိုင်ကြတဲ့ ဗမာမဟုတ်တဲ့ ကျန်တဲ့လူမျိုးတွေသာ နိမ့်ကျနေတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျနော်တို့ တိုင်းရင်းသားဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးဟာ နေရာဒေသကို အကြောင်းပြုပြီးတော့ နိမ့်ကျနေကြပါတယ်။ ဖွံ့ဖြိုးမမရှိတဲ့ဒေသတွေမှာ နိမ့်ကျနေကြပါတယ်။ အဲဒီလို နိမ့်ကျနေရတဲ့အကြောင်းတရားတွေအများကြီးရှိပါတယ်။ ဒီအကြောင်းတရားတွေအများကြီးရှိတဲ့အနက်က ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဒါတွေ အင်မတန်အရေးကြီးတယ်။ လိုအပ်လို့လည်း နိုင်ငံမှာ နိုင်ငံတော်ကို တာဝန်ယူကြတဲ့ ခေါင်းဆောင်တွေ ကျနော်တို့ လတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် နိုင်ငံရေးပါတီအသီးသီးက တာဝန်ရှိတဲ့လူတွေ ကြိုးစားနေကြတာဖြစ်ပါတယ်။ ကျနော်တို့ စနစ်သစ်အုပ်ချုပ်ရေး စလိုက်ပြီးတဲ့နောက်ပိုင်းမှာ တိုင်းရင်းသားဒေသတွေက နိုင်ငံရေးပါတီ အသီးသီး၊ အရင်ပြောနေ၊ ဆိုနေခဲ့ကြတဲ့ Power Sharing၊ ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ စကားတွေကို ဗမာခေါင်းဆောင်တွေကိုယ်တိုင် ဒီနေ့ ဦးဆောင်ပြီးတော့ ပြောလာ၊ ဆိုလာ၊ ဆွေးနွေးလာကြတာ တွေ့ရလို့ ကျနော်တို့ တိုင်းရင်းသားနိုင်ငံရေးပါတီများကိုယ်စား အားရဝမ်းသာရှိတယ်ဆိုတာကိုလည်း ဒီအစည်းအဝေးကြီးမှာ ကျေးဇူးတင်စကားပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျနော်တို့ တိုင်းပြည်မှာ ထူးထူးခြားခြားတွေ့ရတာလေးတွေထဲမှာ ကျနော်တို့ မြန်မာ့နိုင်ငံရေးလောကမှာ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးတဲ့

နောက်ပိုင်း တပ်မတော်က နိုင်ငံ့ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး။ ဒီအရေးတွေကို အစဉ်တစိုက် သူက ဦးဆောင်ပြီးတော့ လာခဲ့တာ အခု ကျန်တော်တို့ ပြည်သူ့လတ်တော်၊ အမျိုးသားလတ်တော်၊ ပြည်ထောင်စုလတ်တော်၊ တိုင်းဒေသကြီးလတ်တော်တွေမှာလည်း တပ်မတော်သားကိုယ်စားလှယ်တွေ ကျန်တော်တို့နဲ့အတူတူ နိုင်ငံရေးလောကထဲကို ရောက်ရှိနေကြပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေဆိုတာက တပ်မတော်သားတွေဆိုတာက အမိန့်နာခံရပါတယ်။ ကျန်တော်တို့ နိုင်ငံရေးသမားတွေဆိုတာက ဆင်ခြေဆင်လက်အင်မတန်များတယ်။ ဆွေးနွေးရတယ်။ ဒီလိုမတူတဲ့ လူတန်းစားလို့ ဆိုမလား။ အတိုင်းအဝိုင်းလို့ဆိုမလား။ Institution လို့ခေါ်မလား။ ဒီလတ်တော်ကြီးမှာ လာဆုံကြတဲ့ အတွက်ကြောင့် မဆုံခင်ကထက် ပိုပြီးတော့ ရင်းနှီးချစ်ခင်အကျမ်းတဝင် အလုပ်လုပ်နေကြတာ။ ဒါ ကျန်တော်တို့ရဲ့ ထူးခြားတဲ့ထူးခြားချက်တွေ။ ဒါပေမဲ့လည်း ကျန်တော်တို့တွေရဲ့လိုအပ်ချက်တွေကို တစ်ထိုင်တည်းနဲ့တော့ ဘယ်လိုမှ ဖြေရှင်းလို့မရပါဘူး။ တပ်မတော်သားကိုယ်စားလှယ်တွေကလည်း ကျန်တော်တို့ နိုင်ငံရေးသမားတွေရဲ့ဘဝ၊ နိုင်ငံရေးသမားတွေရဲ့လိုအပ်ချက်၊ နိုင်ငံရေးသမားတွေရဲ့ ဘဝဆိုတာ ပြည်သူတွေရဲ့ဘဝ၊ နိုင်ငံရေးသမားတွေရဲ့လိုအပ်ချက်ဆိုတာ ပြည်သူတွေရဲ့လိုအပ်ချက် ဒီလိုအပ်ချက်တွေကို ကျန်တော်တို့နဲ့ လက်ပွန်းတတီးအလုပ်လုပ်ရင်းနဲ့ တဖြည်းဖြည်း ကျန်တော်တို့ နိုင်ငံ၊ ဥက္ကဋ္ဌကြီးရဲ့စကားအရဆိုလို့ရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ကျန်တော်တို့ နောင်ကာလတွေမှာ အကောင်းဆုံး မျော်လင့်ချက်တွေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထူးခြားတဲ့အခြေအနေတစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ ကျန်တော်တို့ တစ်ခါမှထင်မထားခဲ့တဲ့ ကျန်တော်တို့ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနဲ့ လာတွေ့ရတယ်။ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးဆိုတာ အရင်က စစ်ခေါင်းဆောင်ကြီး(ဗိုလ်ချုပ်ကြီး)။ ကျန်တော်တိုလတ်တော်ထဲရောက်လာတဲ့အခါ ဥက္ကဋ္ဌကြီးက ကျန်တော်နိုင်ငံရေးသမားအဖြစ် ခံယူလိုက်ပြီလို့ပြောတယ်။ ကျန်တော်တို့လည်း အံ့အားသင့်ပါတယ်။ နောက် ကျန်တော်တို့ ထူးခြားတာက တိုင်းရင်းသားတွေနဲ့ ပတ်သတ်ပြီးတော့ ဗမာနိုင်ငံရေးခေါင်းဆောင်တွေ ကျန်တော်တို့ ဒီလိုနွေးနွေးထွေးထွေး အရေးယူ ဆက်ဆံဖူးတာ ကျန်တော်လည်းတစ်ခါမှ မကြားဖူးဘူး။ မမြင်ဖူးဘူး။ ဒီလိုနွေးနွေးထွေးထွေးဆက်ဆံ လိုက်တဲ့အတွက်ကြောင့် ကျန်တော်တို့တွေ ယုံရခက်၊ မယုံရခက်။ တကယ်တွေ့ခဲ့ရတာ။ နောက် ကျန်တော်တို့တွေက လတ်တော်ထဲကိုရောက်လာတဲ့အခါ ဒေသစုံ၊ လူမျိုးအစုံ၊ လူတန်းစားပေါင်းစုံ ရောက်လာတယ်။ ရန်ကုန်မြို့လို၊ မန္တလေးမြို့လို၊ နေပြည်တော်လိုဒေသမှာ ပညာအရည်အချင်းရှိတဲ့ လူပုဂိုလ်တွေ၊ အဖွဲ့အစည်းတွေကတော့ Capicity လို့ခေါ်တဲ့ အရည်အသွေးတွေ ပြည့်စုံကြမှာပေါ့။

နယ်စွန်နယ်ဖျားက လတ်တော်အမတ်တွေအဖြစ်နဲ့ ရောက်လာကြတဲ့ လူတွေဟာ ဘယ်မှာ Capicity ဆိုတာရှိမလဲ။ ဒါပေမဲ့ ဒီလိုမရှိတာတွေကို ကျနော်တို့ လတ်တော်ဥက္ကဋ္ဌကြီးက ကျနော် အဲဒီတုန်းက လတ်တော်ဥက္ကဋ္ဌဆိုတာ ကိုယ့်ဥက္ကဋ္ဌပဲသိတာကိုး။ အမျိုးသားလတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုတက်မှသိတာ။ အဲဒီတော့ ဒီကိစတွေကို ကျနော်တို့က ကျနော်တို့ လတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလတ်တော်ဥက္ကဋ္ဌကြီးတို့က သင်တန်းတွေ စီစဉ်ပေးတယ်။ ကျနော်တို့ သင်တန်းတွေတက်ရတယ်။ ကျနော်တို့ အရည်အချင်းတွေတည်ဆောက်ရတယ်။ အဲဒီအခါ ကျနော်တို့မှာ ဥက္ကဋ္ဌကြီးကို ကျနော်တို့ တောင်းပန်စကားပြောစရာ တစ်ခုရှိပါတယ်။ ကျနော်တို့က ကျနော်တို့ရဲ့ ဒါအားနည်းချက်ပေါ့လေ။ ကျနော်တို့က ပရိယာယ်သုံးပြီး စကားမပြောတတ်ဘူး။ ဒဲ့ဒိုးကြီးပြောတဲ့အတွက်ကြောင့် တစ်ခါတစ်ခါ ကျနော်တို့ အလုပ်လုပ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စိတ်ထဲမှာ တစ်မျိုးခံစားကြရတာ ကျနော်တို့ တွေ့ရပါတယ်။ ဒီအတွက်လည်း ကျနော်တို့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးကို ကျနော် တောင်းပန်စကား ပြောကြားလိုပါတယ်။ ကျနော်တို့ ဒီနေ့၊ ဒီရက်၊ ဒီအချိန်အခါမှာ ဒီလို ရခိုင်အမျိုးသားပါတီရဲ့ကိုယ်စား နှုတ်ဆက်စကားပြောခွင့်ရတဲ့အတွက်ကြောင့် ပါတီရဲ့ကိုယ်စား လတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို ကျေးဇူးဥပကာယအထူးတင်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက နှုတ်ဆက်အမှာစကား ပြောကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်မောင်မောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျနော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ဖြစ်ပါတယ်။ ကျနော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်သူ့လတ်တော်ဟာ မဲဆန္ဒနယ်မြေအသီးသီးက ရွေးကောက်ခံရတဲ့ကိုယ်စားလှယ်တွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့တပ်မတော်သားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေဟာ နိုင်ငံတော်အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားနိုင်ငံရေးကို ရွေးချယ်ခံကိုယ်စားလှယ်တွေနဲ့အတူ ပထမအကြိမ် ပြည်သူ့

လတ်တော်မှာ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်တွေဟာ နိုင်ငံတော်ရဲ့ နယ်မြေဒေသအသီးသီးရှိ တပ်ရင်းတပ်ဖွဲ့များမှ မူလတာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြသူများဖြစ်ပြီး မိမိတို့တွေ့ကြုံခဲ့ကြသော အတွေ့အကြုံများကို အခြေခံကာ နိုင်ငံတော်အကျိုး၊ နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် တူညီသောအမျိုးသားနိုင်ငံရေးဦးတည်ချက်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

တပ်မတော်ဟာ တိုင်းရင်းသားပြည်သူများမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူများလိုလားသော ဒီမိုကရေစီစနစ်သို့ အပြောင်းအလဲကို တည်ငြိမ်အောင်မြင်စွာ ဖြတ်သန်းနိုင်ရေးအတွက် State holder အသီးသီးနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီ့အတွက်ကြောင့်လည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲရဲ့ ပထမငါးနှစ်ကို အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ပြီဖြစ်သကဲ့သို့ နောင်လာမယ့်အစိုးရသစ်အတွက် အခြေခံအုတ်မြစ်ကောင်းတွေချမှတ်နိုင်ခဲ့ခြင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့တာဟာ ဒိဋ္ဌမပင်ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လတ်တော်အတွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် လတ်တော်ကဖွဲ့စည်းတဲ့ ကော်မတီအသီးသီးမှာ လေ့လာသူများအဖြစ်ပါဝင်ခဲ့ကြပြီး သက်ဆိုင်ရာကော်မတီအသီးသီးမှာ ကျရာနေရာကနေ တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြပါတယ်။ မိမိတို့တပ်မတော်သားကိုယ်စားလှယ်တွေအနေနဲ့ ပထမအကြိမ် လတ်တော်ငါးနှစ်တာကာလအတွင်း လတ်တော်အတွေ့အကြုံကောင်းများစွာကို ရရှိခဲ့ကြပြီး နယ်ပယ်အသီးသီးက ပညာရှင်တွေရဲ့ဆွေးနွေးချက်တွေ၊ အကြံပြုချက်တွေအပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးရဲ့ ပညာရပ်ပိုင်းဆိုင်ရာ ရှင်းလင်းဖြေကြားချက်၊ နိုင်ငံတော်ရဲ့စီမံကိန်းကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မဖြစ်စဉ်များ၊ ဌာနဆိုင်ရာအသီးသီးရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနဲ့ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ခွင့်ရခဲ့ပါတယ်။ ဒီလိုရရှိခဲ့တဲ့အတွေ့အကြုံကောင်းတွေနဲ့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးမှာ အကျိုးရှိရှိပြန်လည်အသုံးချနိုင်မယ်လို့ ယုံကြည်ပါတယ်။

လတ်တော်ကိုယ်စားလှယ်တွေဟာ ပါတီအသီးသီး၊ ဒေသအသီးသီးက တိုင်းရင်းသားလူမျိုးများစုံလင်စွာပါဝင်ခဲ့ကြသော်လည်း လတ်တော်ဥက္ကဋ္ဌရဲ့လမ်းညွှန်မှုနှင့်အညီ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများမထားဘဲ ချစ်ကြည်ရင်းနှီးစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ တစ်ခါတစ်ရံ

အမြင်ချင်းမတူတဲ့ ဆွေးနွေးမတွေရှိခဲ့ကြသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသား တိုင်းရင်းသား ပြည်သူလူထု အများအကျိုးအတွက်သာ အဓိကထား၍ ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိ ရပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာ ပါတီစုံဒီမိုကရေစီစနစ်က ဝေးကွာနေခဲ့ပြီး လတ်တော် အတွေ့အကြုံ များ၊ မရှိသလောက်ဖြစ်နေပါသော်လည်း ပထမအကြိမ် ပြည်သူ့လတ်တော် ငါးနှစ်တာ ကာလအတွင်း မိမိတို့ လေ့လာဖတ်ရှုခဲ့ကြတဲ့ နိုင်ငံတကာ လတ်တော်အတွေ့အကြုံ တွေကို အခြေခံပြီး ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မဏ္ဍိုင်ကြီးသုံးရပ် အပြန်အလှန်ထိန်းကျောင်းရင်း နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီစနစ်၏ အုတ်မြစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြပါတယ်။

ပထမအကြိမ် လတ်တော်အနေနဲ့ စိန်ခေါ်မများရှိခဲ့သော်လည်း လတ်တော်ကိုယ်စားလှယ်တွေ ရဲ့ ကြိုးစားမ၊ ပူးပေါင်းဆောင်ရွက်မ့တွေနဲ့ အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ လတ်တော်ကော်မတီတွေဟာ လတ်တော်ရဲ့ နား၊ မျက်စိတွေဖြစ်တဲ့အတွက် လတ်တော်ကော်မတီများရဲ့ စွမ်းဆောင်ရည်မြင့်မားလာတာနဲ့အမျှ လတ်တော်ရဲ့လုပ်ငန်းများ ပိုမိုထိရောက်လာနိုင်မှာဖြစ်တဲ့ အတွက် ကော်မတီတွေကိုလည်း ထိရောက်မှန်ကန်စွာနဲ့ ကျစ်လျစ်စွာဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ လတ်တော်ကော်မတီတွေ ဖွဲ့စည်းရာမှာလည်း ပါတီအသီးသီးများမှ ကိုယ်စား လှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သားကိုယ်စားလှယ်များ ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် အားလုံးကို ကိုယ်စားပြုရာရောက်သကဲ့သို့ ဘက်စုံ ထောင့်စုံမှ အမြင်မျိုးကိုလည်း ထည့်သွင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒုတိယအကြိမ် လတ်တော်သက်တမ်းမှာ တပ်မတော်သားလတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပထမ အကြိမ် လတ်တော်သက်တမ်းအတွင်းက အတွေ့အကြုံ တွေကို အခြေခံပြီး အသစ်ပါဝင်လာမယ့် လတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အမျိုးသားနိုင်ငံရေးတာဝန်ကို တစိုက်မတ်မတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နှုတ်ခွန်းဆက်စကားပြောဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လတ်တော်ကိုယ်စားလှယ်

များနှင့် တက်ရောက်လာကြသော ဧည့်ပရိတ်သတ်အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းလိုက်ပါတယ်။ ကျန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ အခုလို သမိုင်းဝင်တဲ့နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား နှုတ်ဆက်စကားပြောကြားရတဲ့ကိစကို ဂုဏ်ယူပါတယ်။ ဝမ်းမြောက်ပါတယ်။ ကျန်တော်တို့အဖွဲ့ချုပ်ဟာ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီနောက် ၂၀၁၁ နှောင်းပိုင်းမှာ သမတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံညှိနှိုင်းပြီးနောက် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ပြီးတော့ အနိုင်ရခဲ့အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျန်တော်တို့ကိုယ်စားလှယ်အားလုံး ၄၃ ဦး လွှတ်တော်ထဲကို ရောက်လာခဲ့ပါတယ်။ ထိုစဉ်က ကျန်တော်တို့အဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အသီးသီးမှာ လူနည်းစုဖြစ်ခဲ့ပါတယ်။ သို့သော်လည်း အင်အားအများဆုံး အတိုက်အခံပါတီတစ်ရပ်အနေနဲ့ရပ်တည်ရင်း လွှတ်တော်များမှာ ကျရောက်တဲ့တာဝန်များကို တတ်စွမ်းသမျှထမ်းဆောင်ခဲ့ကြပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား။ ကျန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များရဲ့ လုပ်ရပ်အချို့ကို တင်ပြရမယ်ဆိုရင် လွှတ်တော်မှာဖွဲ့စည်းထားတဲ့ကော်မတီအသီးသီးမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့အစီအစဉ်ဖြင့်ခွင့်ပြုတဲ့ ရန်ပုံငွေများနဲ့ မိမိတို့မဲဆန္ဒနယ်မြေတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ လွှတ်တော်မှာပြုလုပ်ခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာလည်း ထိရောက်စွာ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ အဓိကကျတဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးကို လွှတ်တော်ပြင်ပမှာ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းဝင်များနဲ့အတူ တက်ကြွစွာ ပါဝင်လပ်ရှားခဲ့ကြပါတယ်။ နှစ်စဉ်ဥပဒေပြုခဲ့ရတဲ့ နိုင်ငံတော်ဘတ်ဂျက်ကိစတိုင်းမှာလည်း တာဝန်ကျေအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနာဂတ်ဒီမိုကရေစီထွန်းကားရေးမှာ နှောင့်နှေးစေနိုင်မယ့် PR လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုခြင်းအဆိုကို လွှတ်တော်တွင်းမှာ ထိရောက်စွာဆွေးနွေးပြီး တားဆီးနိုင်ခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ပထမအကြိမ် လွှတ်တော်မှာပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသားကိုယ်စားလှယ်ကြီးများနဲ့ ကျန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပုံမှန်တွေ့ဆုံပြီးတော့ ညစာစားပွဲတွေ လုပ်ရင်းနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တဲ့

အတွက်ကြောင့်မို့လို့ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ ကျန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များဟာ ခင်မင်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်ပရိတ်သတ်အပေါင်းတို့ခင်ဗျား။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များဟာ လွှတ်တော်အသီးသီးမှာ အရေအတွက်အားဖြင့် ၁၀ ရာခိုင်နှုန်းမျှသာရှိသော်လည်းပဲ မိမိတို့ပါဝင်ခဲ့ရတဲ့ စွမ်းဆောင်နိုင်မှုတွေဟာ ဒီပမာဏထက်များတယ်လို့ ကျန်တော်တို့သုံးသပ်မိပါတယ်။ အဲဒီလို စွမ်းဆောင်နိုင်အောင် အဓိကပံ့ပိုးတဲ့ပုဂ္ဂိုလ်ကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ယခု ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွေမန်း ဖြစ်ပါတယ်။ သူရဦးရွေမန်းရဲ့ သမမျှတတဲ့ ဦးဆောင်လမ်းညွှန်မှု၊ သဘောထားကြီးမြင့်မှုနှင့် ဒီမိုကရေစီကိုဦးတည်စေမယ့် အခွင့်အရေးများကိုလိုက်လျောမှုများကြောင့်သာလျှင် ကျန်တော်တို့ဟာ တာဝန်ကျေတဲ့ အတိုက်အခံကိုယ်စားလှယ်များအဖြစ် ဖြစ်လာကြတယ်ဆိုတာ ငြင်းနိုင်မယ်မဟုတ်ပါဘူး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်ပရိတ်သတ်အပေါင်းတို့ခင်ဗျား။ ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာလည်း ကျန်တော်တို့အဖွဲ့ချုပ်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှတ်တော်မဲဆန္ဒနယ်စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့ပါတယ်။ ဒီရွေးကောက်ပွဲကို အောင်မြင်အောင် ဦးစီးဆောင်ရွက်ပေးခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကိုလည်း ဂုဏ်ပြုပါတယ်ဆိုတာကို အခွင့်ကြုံ လို့ တင်ပြပါရစေ။

အလျဉ်းသင့်လို့ နောက်တစ်ချက်တင်ပြချင်တာကတော့ ကျန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်ကြိမ်၊ အခုနောက်ဆုံး ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ တစ်ကြိမ် သုံးကြိမ်တိုင်တိုင် ၈၀ ရာခိုင်နှုန်းကျော်နဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို ဆန်းစစ်ကြည့်မယ်ဆိုရင် ပြည်သူလူထုအများစုရဲ့ ရင့်ကျက်တဲ့ဒီမိုကရေစီနိုင်ငံရေးအမြင်ဟာ နှစ်ပေါင်း ၃၀ ခန့်အထိ တည်တံ့နေတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကို အောင်နိုင်တဲ့အတွက်ကြောင့် ကျန်တော်တို့ အားရဝမ်းသာဖြစ်ခဲ့ကြသလို အနာဂတ်မှာထမ်းဆောင်ရမယ့် တာဝန်အသီးသီးရဲ့ ကြီးမားလေးနက်မှုကိုလည်း သတိမူမိကြပါတယ်။ မျော်လင့်ချက်ကြီးမားစွာနဲ့ ထောက်ခံအားပေးတဲ့ ပြည်သူလူထုအတွက် အမြန်ဆုံးနဲ့အထိရောက်ဆုံး ဘယ်လိုအကျိုးပြုလုပ်ငန်းတွေနဲ့ ပံ့ပိုးအကောင်အထည်ဖော်ရမလဲဆိုတဲ့ အချက်တွေကိုလည်း အလေးအနက် ပြင်ဆင်နေကြပါပြီ။

မူကြမ်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား။ မြန်မာနိုင်ငံကို ဒီမိုကရေစီထွန်းကားရေးအတွက် ဦးတည်စေမယ့် ပထမအကြိမ် လွှတ်တော်ကြီးဟာ သက်တမ်းပြည့်ပြီဖြစ်တဲ့အတွက်ကြောင့် ပြီးဆုံးချိန်ရောက်ခဲ့ပါပြီ။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းနှင့်ပြည်နယ်လွှတ်တော်အသီးသီးမှာ ပထမအကြိမ်မှ ဒုတိယအကြိမ်သို့ ပြေပြစ်ချောမောစွာ ကူးပြောင်းလာတော့မှာ ဖြစ်ပါတယ်။ ဒီလိုချောမောပြေပြစ်အောင် အသွင်ကူးပြောင်းရေးကာလအထိ ဦးဆောင်ခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအားလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အားလည်းကောင်း ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ပထမအကြိမ် လွှတ်တော်သက်တမ်း အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့သလို ဒုတိယအကြိမ် လွှတ်တော်အသီးသီးမှာလည်း မိမိတို့ကျရာကဏ္ဍများမှာ အောင်မြင်ချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ကြပါစေကြောင်းနဲ့ အနာဂတ်မြန်မာနိုင်ငံကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖြစ်မြောက်လာရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ မင်္ဂလာအပေါင်းင်္င့် ပြည့်စုံကြပ်ပါစေခင်ဗျား။ (ပြဲဘဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက နှုတ်ဆက်စကားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။

ဒီနေ့ဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နောက်ဆုံးနေ့ဖြစ်သလို၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကြီးပြီးမြောက်အောင်မြင်တဲ့နေ့လည်းဖြစ်ပါတယ်။ ဒီလိုအမှတ်တရဖြစ်စေတဲ့နေရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စားလှယ်များရဲ့ကိုယ်စား စကားပြောကြားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။ ကျနော်တို့အားလုံးဟာ ပြောင်းလဲကျင့်သုံးလျက်ရှိနေတဲ့ ပါတီစုံဒီမိုကရေစီကျင့်စဉ်နဲ့အညီ နိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်မရှိအောင်၊ နိုင်ငံသားအားလုံးရဲ့ လူမစီးပွား

ရေးဘဝမြင့်မားတိုးတက်အောင်၊ နိုင်ငံတော်ကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ပြည်သူတွေရဲ့ အားပေးမနဲ့ ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်ကြပါတယ်။

စဉ်ဆက်မပြတ်ဆောင်ရွက်ရတဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးမှာ ဖြတ်သန်းရတဲ့ ပါတီစုံဒီမိုကရေစီကျင့်စဉ်ကျင့်သုံးနိုင်ဖို့အတွက် အခြေခံများတည်ဆောက်တဲ့ကာလ၊ ပါတီစုံဒီမိုကရေစီ ကျင့်စဉ်တိုးတက်ခိုင်မာအောင် ဆောင်ရွက်ဖို့အတွက် ပြောင်းလဲကျင့်သုံးတဲ့ကာလ၊ ပါတီစုံဒီမိုကရေစီ ကျင့်စဉ်တိုးတက်ခိုင်မာအောင် ဆောင်ရွက်တဲ့ကာလတွေမှာ အခြေအနေပေးမအပေါ်မှာ မူတည်ပြီး တော့မှ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ သူတွေဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမ၊ စီးပွားရေးပြုပြင် ပြောင်းလဲမ၊ လူမရေးပြုပြင်ပြောင်းလဲမတွေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ပြည်သူများရဲ့ လူမစီပွားရေးဘဝတိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

အလွယ်တကူမြင်တွေ့ခြင်းမရှိနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲရေးနဲ့ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲ ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။ အခုရောက်ရှိနေတဲ့ လတ်တော်အဆောက်အဦတွေနဲ့ နေပြည်တော်ဟာ ပြင်ဆင်ချိန်ကာလမှာ အသစ်ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြောင်းလဲမဖြစ်စဉ်မှာ ပါတီစုံဒီမိုကရေစီကျင့်စဉ်အရ ပေါ်ပေါက်လာရတဲ့ အထွေထွေရွေးကောက်ပွဲတွေ၊ လတ်တော်တွေ၊ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရား စီရင်ရေးတို့ကို တတ်နိုင်သမျပိုင်းခြားဆောင်ရွက်ခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဟာ ထင်ရှား တဲ့နိုင်ငံရေးအရ ပြောင်းလဲခြင်းတွေ ဖြစ်ပါတယ်။ စျေးကွက်စီးပွားရေးစနစ်ဟာလည်း ပြောင်းလဲမ တစ်ခုဖြစ်လို့ တင်ပြလိုပါတယ်။ ဒီလိုပြောင်းလဲမကို လက်ခံယုံကြည်အကောင်အထည်ဖော်နေမ ဟာလည်း စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမတစ်ခုအနေနဲ့ ရှုမြင်ရမှာ ဖြစ်ပါတယ်။

ဒီနေ့ရောက်ရှိနေကြတဲ့ ကိုယ်စားလှယ်တွေဟာ မဲဆန္ဒနယ်မြေအလိုက် ပြည်သူတွေက အားကိုး ယုံကြည်မအရ ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ လတ်တော်တွေကို ရောက်ရှိလာကြတဲ့ ကနဦးတော်အပါအဝင် ကိုယ်စားလှယ်တွေဟာ လတ်တော် အတွေ့အကြုံ မရှိကြပေမယ့် နိုင်ငံတော်နဲ့ ပြည်သူများအကျိုးအတွက် လက်တွေ့ဆောင်ရွက်ရင်း လေ့လာသင်ယူ၊ လေ့လာသင်ယူရင်း လက်တွေ့ဆောင်ရွက်နိုင်ခဲ့ကြတဲ့အတွက် ခေတ်စနစ်နဲ့ လိုက်လျော်ညီထွေရှိတဲ့ ဥပဒေတွေ ပြဋ္ဌာန်းနိုင်ခဲ့သလို ပြည်သူတွေနဲ့ နယ်မြေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မည့် အဆိုတွေ၊ မေးခွန်းတွေကိုလည်း တင်ပြဆွေးနွေးနိုင်ခဲ့ကြပါ တယ်။

ပါတီအသီးသီး၊ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံပါဝင်ကြတဲ့အတွက် ပါတီစွဲ၊ အယူဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ ဘာသာစွဲတွေရှိကြပေမယ့် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ပါတီစွဲ၊ အယူဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲနဲ့ ဘာသာစွဲတွေကို ဖျောက်ပြီး၊ အမိနိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ထိန်းကျောင်းလမ်းညွှန်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ကြတယ်လို့ တင်ပြလိုပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ် အားလုံးပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်စာနာမှု၊ ရင်းနှီးခင်မင်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ လွှတ်တော်သက်တမ်းကာလတစ်လျှောက်လုံး အရေးယူလောက်တဲ့ ပြစ်ချက်တွေမရှိအောင် စောင့်ထိန်းနိုင်မှုဟာလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။

မကြာမီရက်အတွင်းမှာ ပြည်သူများက ယုံကြည်ရွေးချယ်ထားသူ ကိုယ်စားလှယ်များနဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လွှတ်တော်ဆိုင်ရာအရေးပါတဲ့ တာဝန်တွေကို ပြောင်းလဲဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ စတင်ဆောင်ရွက်စမှာ အခက်အခဲမရှိအောင် လွှတ်တော်အပိုင်းကဆောင်ရွက်ပေးနေသလို၊ ကော်မတီတွေကလည်း ပြင်ဆင်ပေးထားတဲ့အတွက် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ စတင်ဖွဲ့စည်းစက အတွေ့အကြုံ မရှိသေးတဲ့ လွှတ်တော်ဝန်ထမ်းတွေအနေနဲ့လည်း ငါးနှစ်တာကာလအတွင်း လေ့လာသင်ယူမှုများရရှိခဲ့တဲ့အတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ကျန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အများစုဟာ လာမည့်လွှတ်တော်မှာ မပါဝင်နိုင်ကြတော့ပေမယ့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဆက်လက်ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်အတွက် လိုအပ်မှုရှိလာပါကလည်း ကူညီဆောင်ရွက်ဖို့ အသင့်ရှိပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး ပြည်သူများရဲ့ လိုအင်ဆန္ဒပြည့်ဝအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ဆက်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယနေ့ နောက်ဆုံးအစီအစဉ်ကတော့ မနက်ဖြန်၊ သဘက်ခါ ပြီးဆုံးမယ့် တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ပြည်သူ့လွှတ်တော်ရဲ့ နောက်ဆုံးရက် အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်အတွက်၊ ထိုနည်းတူစွာပဲ အသစ်ဖွဲ့စည်းမယ့် လွှတ်တော်ကိုယ်စားလှယ်များအတွက်

ကျွန်တော်အနေနဲ့၊ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ နောက်ဆုံးတင်ပြတဲ့ တင်ပြချက်ပဲ ဖြစ်ပါတယ်။

အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။ ဒီနေ့ဟာ ကျွန်တော်တို့လွှတ်တော်အတွက် အထူးခြားဆုံး နေ့တစ်နေ့ ဖြစ်ပါတယ်။ ထူးခြားချက်တွေက လွှတ်တော်သက်တမ်းမှာ ဒီနေ့ ခွင့်ယူတာ အနည်းဆုံးပါ။ အားလုံး ၂၇ ယောက်ပဲ ရှိပါတယ်။ နောက်ထူးခြားချက်ကတော့ အခု စတင်ပြီးတော့ ဆွေးနွေးသွားတဲ့ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ကနေပြီးတော့ နောက်ဆုံး ဦးဌေးဦးအထိ ဆွေးနွေးသွားတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ စိတ်ဝင်စားစွာ နားထောင်ကြတယ်။ ကျွန်တော် မမြင်လိုက်လို့လားတော့ မသိဘူး။ အိပ်ငိုက်တဲ့လူ မရှိသလောက်ပါ။ အဲဒီနည်းတူပဲ ထူးခြားချက်က ဒီနေ့ တင်ပြဆွေးနွေးသွားတာတွေဟာ ကျွန်တော်တို့ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်တွေသာမကဘဲနဲ့ အထူးသဖြင့်တော့ နောင်လွှတ်တော် သက်တမ်းအတွင်းမှာ တာဝန်ယူဆောင်ရွက်ကြရမယ့် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အများကြီး အကျိုးရှိပါတယ်။ ဒါ့အပြင် ဒီနေ့တင်ပြဆွေးနွေးချက်တွေက ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများအတွက်၊ တိုင်းရင်းသားများအတွက်လည်းများစွာ အကျိုးရှိတာဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ဒီတင်ပြချက်တွေ၊ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ပြီး အဖြေရှာမယ်ဆိုရင် ကျွန်တော်တို့ ဘာလုပ်စရာတွေကျန်သေးသလဲ။ တစ်ဖက်ကပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ တော်တော်လုပ်ခဲ့ကြပါတယ်။ အတိုင်းအတာတစ်ခုထိရောက်ပြီ။ ဒါပေမဲ့လို့ ဘာတွေလုပ်စရာကျန်သေးသလဲ။ အဲဒီလုပ်စရာကျန်တာတွေကို ဆက်လက်ပြီးတော့ နောင်လက်ဆင့် ကမ်းဆောင်ရွက်ရမယ့် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီကိုယ်စားပြုဆွေးနွေးတင်ပြသွားတာ ကျွန်တော်တို့ လွှတ်တော်၊ ပြည်သူ့လွှတ်တော်သမိုင်းရက်များမှာ ဒီနေ့ဟာ အထူးခြားဆုံးပဲဖြစ်ပါတယ်။ ပါတီကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် ပါတီကိုယ်စားလှယ်များရဲ့ တင်ပြချက်ဟာ ပါတီကို ကိုယ်စားပြုသလို၊ လွှတ်တော်ကို ကိုယ်စားပြုတယ်။ လွှတ်တော်ကို ကိုယ်စားပြုသလို ပြည်သူများကိုလည်း ကိုယ်စားပြုတယ်လို့ ကျွန်တော်တို့ မှတ်ယူရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ထူးခြားချက်အနေနဲ့ ဒီငါးနှစ်သက်တမ်းမှာ လွှတ်တော်ကိုယ်စားလှယ် ကိုးဦး ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ပျမ်းမျှတစ်နှစ်ကို နှစ်ယောက်လောက် ကိန်းဂဏန်းအရ ကွယ်လွန်သွားတယ်။ ကျွန်တော့်ရှေ့ ဒုတိယဥက္ကဋ္ဌရဲ့ နောက်တစ်တန်းကျော်က ကျွန်တော် မှတ်မိပါတယ်။ ဦးအောင်ဆန်း။

လတ်တော်အစည်းအဝေးပြီးတာနဲ့တစ်ပြိုင်နက် ကျန်တော်တို့ ဟိုနားရောက်သွားတာတောင် လူတွေ ရှန်းရှန်းဖြစ်သွားတယ်။ အဲဒီနေရာမှာတင် ကွယ်လွန်သွားပါတယ်။ အဲဒီနေ့က မှတ်မိသမျပြောရမယ် ဆိုရင် သူရဲ့မေးခွန်းတစ်ခု အောင်မြင်စွာ မေးတယ်။ အဲဒါဖြေတယ်။ သူသေချာနားထောင်တယ်။ အဲဒါပြီးတော့ ကျန်တော်ထွက်သွားတယ်။ ကျန်တော်ထွက်သွားတဲ့အချိန်မှာ ရုတ်ရုတ်နဲ့ အသံကြားပါ တယ်။ အဲဒီလိုပဲ အခုနက နာမည်နဲ့တကွ တင်ပြသွားကြတဲ့ ရခိုင်ပြည်နယ်က လတ်တော် ကိုယ်စားလှယ်လည်း ဒီလိုပါပဲ။ အင်မတန်ကြိုးစားပြီး ဆုံးတယ်။ ပြောရမယ်ဆိုရင် အဲဒီလိုပေါ့လေ ကြိုးစားပမ်းစားဆောင်ရွက်ခဲ့တာရှိသလို တချို့ လတ်တော်လုပ်ငန်းတွေကို စိတ်ပါဝင်စားပြီး ကြိုးစား ပမ်းစားဆောင်ရွက်ခဲ့တဲ့သူများဟာလည်း လတ်တော်ထဲလာတုန်းကတော့ ယိုင်နဲ့နဲ့။ ရောဂါတွေ ကလည်း ထူတယ်။ ဘယ်နေ့ ရိုင်းရိုင်းပြောရမယ်ဆို သေမလဲ၊ ကွယ်လွန်မလဲဆိုတဲ့ ဒေါ်တင်နွယ်ဦး ဟာလည်း ဒီနေ့တော့ မသေဘူး၊ ထောင်ထောင်နဲ့ ပြောနိုင်ဆိုနိုင်တယ်။ အဲဒီတိုင်းပဲ ကျန်တော်ရှေ့ ဒီမှာ ချင်းတိုင်းရင်းသား လတ်တော်ကိုယ်စားလှယ် ဦးဟောက်ခန့်မန်။ ကျန်တော်တို့ အဲဒီနေ့မှာ ဒီရွေးချယ်ပွဲ တွေလုပ်ပါတယ်။ ပထမရွေးချယ်ပွဲတစ်ခုကတော့ အခုနက လတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ။ အဲဒီတုန်းက ဦးဟောက်ခန့်မန် မဲပေးဖို့ ဒီမဲပုံးဆီလာတဲ့အခါမှာ တွဲပြီးခေါ်လာတယ်။ ဒါပေမဲ့ ဦးဟောက်ခန့်မန် ဒီနေ့ထိ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ပါတယ်။

နောက် အခုနကဆွေးနွေးသွားတဲ့ ဦးလှမောင်၊ ချောင်းဆုံ၊ မွန်အမျိုးသား။ ဦးလှမောင်လည်း ပြောရမယ်ဆိုရင်တော့ အခြေအနေက အသက်ရှင်စရာ အကြောင်းမရှိဘူးလို့ ထင်ပေမယ့် ကျန်တော်တို့ သူ့မိသားစုတစ်စုလုံး လိုက်လာပြီး ဆေးရုံက သူနာပြုတွေ၊ ဆရာဝန်တွေက အပတ် တကုတ်ကြိုးစားပေးတဲ့အတွက် အခုနက ချောင်းဆုံက ဦးလှမောင်လည်း ဒီနေ့တော့ သူတို့ဆီမှာ တံတားကြီးဆောက်တော့မှာဆိုပြီးတော့ ဝမ်းသာစွာနဲ့ ပြောသွားတာရှိပါတယ်။ အဲဒီတော့ ကျန်တော် တင်ပြတာ တခြားမဟုတ်ပါဘူး။ ဒီနေ့ဟာ အင်မတန်မှ မင်္ဂလာရှိတယ်။ ထူးခြားတယ်။ းဇတဲ့အခါမှာ လတ်တော်ကိုယ်စားလှယ်များ ဒီလောက်အချိန်ကြာကြာ ထိုင်ပြီးတော့မှ တစ်ယောက်မှ အိပ်မငိုက်ဘူး။ ဒီဟာ ဘာလဲဆိုတဲ့အခါမှာ ဒီပြင့်နည်းနဲ့ပြောမယ်ဆိုရင် ကိုယ်ရဲ့တာဝန်ကို ထမ်းဆောင်တဲ့အခါမှာ တကယ်စိတ်ပါဝင်စားစွာ ထမ်းဆောင်နေကြတယ်ဆိုတာကို ပေါ်လွင်စေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့တင်ပြချက်နဲ့ပတ်သက်လို့ ကျန်တော့်အနေနဲ့ ခြုံငုံသုံးသပ်ပြီးတင်ပြရမယ်ဆိုရင် လတ်တော် လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ အောင်မြင်မတွေအများကြီးရှိပါတယ်။ ကျန်တော်တို့ မထင်မှတ်တဲ့ အတိုင်းအတာထိလည်း အောင်မြင်တာတွေ ရှိပါတယ်။ အဲဒီနည်းတူပဲ ထင်မှတ်ထားပြီးတော့ ရမှာပဲ

ဆိုပြီးတော့ မရတဲ့လုပ်ငန်းကိစတွေလည်း အများကြီးရှိပါတယ်။ ဒီလိုအောင်မြင်မတွေ ရလဒ်အကျိုးကောင်းတွေရရှိခြင်းဟာ ကျန်တော်တို့အားလုံး၊ ပြီးတဲ့အခါမှာ ကျန်တော်တို့ လတ်တော်ဝန်ထမ်းတွေအားလုံး၊ ပြီးတဲ့အခါမှာ အစိုးရအဖွဲ့အသီးသီးက လာရောက်ကြတဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များအပါအဝင် ပြည်သူများ၊ တချို့လူမရေးအဖွဲ့အစည်းများ၊ ပြီးတဲ့အခါမှာ သတင်းမီဒီယာများရဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မကြောင့် ဒီလိုအောင်မြင်မတွေရတယ်လို့ပြောနိုင်ပါတယ်။ ဒီထဲမှာတော့အောင်မြင်မအတိုင်းအတာတွေကို အခြားဟာတွေနဲ့ ကျန်တော်တို့ တိုင်းတာစရာ မစဉ်းစားပဲနဲ့ ဒီကနေ့ကျန်တော်တို့လတ်တော်ကို နိုင်ငံတကာလတ်တော်တွေက ဘယ်လိုအသိအမှတ်ပြုတယ်။ ဘယ်လိုအဆင့်အတန်းမှာထားတယ်ဆိုတာ သူတို့ရဲ့ အကဲဖြတ်ဆုံးဖြတ်မဟာ ပိုပြီးမှန်ပါတယ်။ ဒါကြောင့်မို့လို့ကျန်တော်တို့တစ်တွေ လုပ်ခဲ့ကြတယ်။ ဒီအထိ ရောက်ခဲ့ကြတယ်။ ဒီလောက်ထိ အောင်မြင်ကြတယ်။ အောင်မြင်မများဟာ ကျန်တော်တင်ပြသလို အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့လို့ဖြစ်ပါတယ်။

သို့ရာတွင် တချို့ကိစတွေမှာ လိုသေးတယ်၊ မဖြစ်သေးဘူး၊ မအောင်မြင်သေးဘူးဆိုတဲ့ကိစနဲ့ပတ်သက်ပြီးတော့ အဓိက ကျန်တော့်မှာပဲ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အဲဒီလို တာဝန်ရှိတယ်လို့ခံယူသလိုပဲ ကျန်တော်လည်း အတတ်နိုင်ဆုံးတော့ ကျန်တော် ကြိုးစားတာပဲ။ ဘယ်လိုပဲ ကြိုးစားကြိုးစား အခြေအနေမပေးဘူးဆိုလို့ရှိရင် ဘယ်လိုမှ မရနိုင်ပါဘူး။ ကြိုးစားရင်း၊ ကြိုးစားရင်းနဲ့ကျန်တော့်မှာလည်း ဒဏ်ရာဒဏ်ချက်တွေ အများကြီးရပါတယ်။ အဲဒီတိုင်းပဲ ကျန်တော်နဲ့နီးစပ်တဲ့လူလည်း ဒဏ်ရာဒဏ်ချက်တွေ အများကြီးရပါတယ်။ ဒါပေမဲ့ ကျန်တော်ကျေနပ်တယ်။ ဘာကြောင့်လဲကျန်တော်မှန်ကန်စွာ ကြိုးစားတယ်။ စေတနာထားတယ်။ ဒါကြောင့်မို့လို့ အခုနက တင်ပြဆွေးနွေးသွားတဲ့နေရာမှာ ကျန်တော့်နာမည်တွေ အများကြီးသုံးပါတယ်။ ဒီအတွက်လည်း ကျန်တော် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီလိုအောင်မြင်မတွေရခြင်းဟာ အားလုံးရဲ့ပူးပေါင်း ပါဝင်မဆိုတာပဲ ကျန်တော်ဒီလိုပဲ ပြောချင်ပါတယ်။ တချို့နာမည်နဲ့ပြောတဲ့နေရာမှာ နည်းနည်းလေးအမှတ်လွဲသွားမှာ စိုးလို့ပါ။ ဦးခိုင်မောင်ရည်ပြောတဲ့ ၈၈ တုန်းက၊ ၈၈ အရေးအခင်းတုန်းက ရန်ကုန်ကုန်သွယ်ရေးရုံးဆိုတာနဲ့ပတ်သက်ပြီးတော့ ကျန်တော့်တပ်ပါ။ ကျန်တော့်တပ်ပါဆိုတာ ကျန်တော့်တပ်က တပ်ခွဲတစ်ခွဲနေရာယူထားတဲ့ အဲဒီကုန်သွယ်ရေးရုံးမှာဖြစ်တဲ့ကိစဖြစ်ပါတယ်။ အဲဒီကုန်သွယ်ရေးမှာ ဖြစ်ခဲ့တဲ့အကြောင်းတွေလည်း အများကြီး သိပါလိမ့်မယ်။ ဒီနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်လည်း အဲဒီရုံးကိုရောက်ခဲ့ပါတယ်။ ဦးတင်ဦးလည်း အဲဒီကို ရောက်ခဲ့ပါတယ်။ အဲဒီမှာရှိခဲ့တဲ့ ပြဿနာတွေကို နောက်ဆုံးရှင်းလို့မရဘဲနဲ့ လူထုကြီးက တပ်နေရာယူထားတဲ့နေရာကို

တစ်ထစ်ပြီးတစ်ထစ်၊ တစ်လှမ်းချင်းတစ်လှမ်း တက်တက်လာတဲ့အခါမှာ တပ်က တဖြည်းဖြည်း၊ တဖြည်းဖြည်း ဆုတ်ပေးသွားတယ်။ အဲဒီတပ်မှူးက ကျန်တော်နဲ့ တပ်ရင်းတစ်ရင်းမှာအတူ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျန်တော်ရဲ့ တပ်စုမှူး၊ တပ်ခွဲမှူးပဲ ဖြစ်ပါတယ်။ တဖြည်းဖြည်း ဆုတ်ဆုတ်သွားတယ်။ သူ့ကိုလည်း အထက်ကနေပြီးတော့ အဆက်မပြတ် အမိန့်ပေးတယ်။

နောက်ဆုံးကျတဲ့အခါကျတော့ ကဲပြည်သူကိုတော့ လက်နက်နဲ့မတုံ့ပြန်နဲ့ ဒီအတိုင်းပဲထား၊ လက်နက်တွေ ဒီအတိုင်းပဲထား ဖောက်ထွက်ပြီးပြေး လွတ်ရာပြေးဆိုတဲ့အနေအထားအထိ ဒီလိုဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအခါမှာ တချို့ရဟန်းသံဃာတွေ ပါပါတယ်။ ဓာတ်ပုံတွေ ပြန်ကြည့်မယ်ဆိုတွေ့လိမ့်မယ် ရဟန်းတစ်ပါးဆိုလို့ရှိရင် စက်သေနတ် ဒီလိုကိုင်ပြီးတော့၊ သင်္ကန်းနဲ့ ဒီလိုကိုင်ပြီးတော့ ဓာတ်ပုံရိုက်ထားတာရှိပါတယ်။ အဲဒီအတိုင်းပဲ ကျန်တော်တို့ ရဲဘော်တွေက အဲဒီကနေ ပစ္စည်းတွေထားပြီး ပြေးတဲ့အခါမှာ နောက်ဆုံးကျတဲ့အခါကျတော့ ဘုန်းကြီးကျောင်းမှာပုန်း၊ ကတုံးတွေတုံး။ ကတုံးတွေတုံးဆိုတာ ပုံပြောင်းလိုက်တာပေါ့။ သင်္ကန်းတွေဝတ်။ နောက်ဆုံးကျတဲ့အခါကျတော့ အဲဒီတပ်ဖွဲ့က နောက်တန်းကို ပြန်ပို့ပါတယ်။ နောက်တန်းဆိုတာ ကျန်တော့်ဆီ ကျန်တော်က တူးအိုင်စီပါ။ ကျန်တော်ကလည်း အဲဒီကာလမှာ ပဲခူးတိုင်းအနောက်ခြမ်းမှာရှိတဲ့ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်းနယ်မှာ တာဝန်ခံ။ အဲဒီတော့ ပြည်သူနဲ့ တပ်မတော်ဟာ ရန်သူမဟုတ်ပါဘူး။ ရန်သူလိုလည်း သဘောထားလို့မရပါဘူး။ တပ်မတော်ဆိုတာလည်း တပ်မတော်ရဲ့ တာဝန်တွေထမ်းဆောင်တဲ့နေရာမှာ ခုနက ဦးဘရှိန် ပြောသွားသလိုပဲပေါ့။ အမိန့်၊ တာဝန်အရဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်တော်မကြာမကြာ တချို့ဆွေးနွေးဖူးပါတယ်။ ဘာလဲဆိုရင် ကျန်တော်တို့ ရန်သူလို့ပြောတဲ့ သတ်မှတ်ထားတဲ့သူတွေဟာ ကျန်တော်တစ်ခါမှ မမြင်ဖူးဘူး။ ဒါပေမဲ့ ရန်သူပဲ သတ်မှတ်ထားတာ။ သူတို့နဲ့ ကျန်တော်တို့နဲ့ အပြိုင်အဆိုင် ဟိုဘက်ဒီဘက် တိုက်ကြတယ်၊ သတ်ကြတယ်။ ရှင်းရှင်းပြောရရင် အဲဒီတော့ သူနဲ့ကိုယ်နဲ့ ပြိုင်တိုက်တဲ့အခါမှာ ကိုယ်မသေဖို့လိုတယ်။ သူသေဖို့လိုတယ်။ ဒါပေမဲ့ ရန်သူလို့ ပြောတာ အဲဒီပုဂ္ဂိုလ်တွေက ဒီနေ့ဆိုလို့ရှိရင် ရန်သူမဟုတ်တော့ဘူး။ မိတ်ဆွေတွေပဲ။ ဒါကြောင့်မို့လို့ ခုနက ဦးခိုင်မောင်ရည်ပြောတဲ့ဟာက အဲဒီမှာ ကျန်တော်ပါတာမဟုတ်ဘူး။ ကျန်တော့်တပ်။ နာမည်နဲ့ပြောမယ်ဆိုရင် ဒီနေ့ ဗိုလ်မှူးကြီးခင်မောင်ချိုက အဲဒီမှာ တပ်ခွဲမှူး၊ ခမရ(၆)။ အဲဒီအတိုင်းပဲ ခုနက တချို့ပြောသွားတာတွေရှိပါတယ်။ ခုနက ဒီထဲမှာ ဦးဘရှိန်ပဲ ပြောပါတယ်။ ဗိုလ်ချုပ်ကြီး နိုင်ငံရေးသမားလို့ပြောတယ်။ ယုံရခက်ခက်။ အဲဒီတော့ ကျန်တော်က ဘာလဲ။ ကျန်တော် ဇာတ်လမ်းရိုက်နေတာ မဟုတ်ဘူး။ အိုက်တင်ခံနေတာလည်း မဟုတ်ဘူး။

ကျန်တော်က ကိုယ့်တာဝန်ကိုယ်ယူရတဲ့အချိန်မှာ နိုင်ငံရေးလုပ်မယ်ဆို နိုင်ငံရေးသမားဖြစ်ရမှာပေါ့။ စစ်သားဆို စစ်သားဖြစ်ရမှာပေါ့။ လယ်သမားဆို လယ်သမားဖြစ်ရမယ်။ အသွင်သဏ္ဌာန်ရော အနှစ်သာရရော ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျန်တော်ဒီမှာ တင်ပြချင်တာက ဘာပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ် အသွင်သဏ္ဌာန်ရော အနှစ်သာရရော ယုံကြည်ချက်၊ ခံယူချက်နဲ့ ဟန်ပြမလုပ်ဖို့ လိုပါတယ်။ ဟန်ပြလုပ်လို့ရှိရင်တော့ ဟန်ပြပဲ ဖြစ်သွားမယ်။ ကဲကောင်းပါပြီ။

ကျန်တော်ဆက်ပြီးတော့ တင်ပြပါမယ်။ တိုတိုပါပဲ။ အဲဒီတော့ ကျန်တော်တို့ ခုနက ကျန်တော်ပြောခဲ့သလိုပါပဲ။ ကျန်တော်တို့ လတ်တော်အနေနဲ့ နိုင်ငံနဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်သင့်တာတွေ၊ ဆောင်ရွက်စရာတွေ များစွာကျန်ရှိနေပါတယ်။ အထူးသဖြင့်တော့ ခုနက ဦးရဲထွန်းတို့ ဆွေးနွေးသွားတဲ့ ယနေ့ခေတ်ကာလအခြေအနေနဲ့အညီ တရားမျှတပြီး အများပြည်သူ လိုက်နာနိုင်တဲ့ တရားသောဥပဒေများဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဥပဒေတစ်ရပ်ဖြစ်ပေါ်လာပြီး တရားမျှတမှု မရှိဘူး။ အများပြည်သူ မလိုက်နာနိုင်ဘူးဆိုရင် တရားမျှတမှုမရှိတဲ့ ဥပဒေဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျန်တော်တို့ လတ်တော်ရဲ့အလုပ်က ဥပဒေပြဋ္ဌာန်းဖို့၊ ဘယ်လိုဥပဒေတွေလဲ။ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေများဖြစ်ဖို့ တနည်းအားဖြင့် ပြောရမယ်ဆိုရင် တရားမျှတသော၊ အများပြည်သူလိုက်နာနိုင်သော ဥပဒေများဖြစ်ဖို့လိုပါတယ်။ အဲဒီလို မပြဋ္ဌာန်းနိုင်သရွေ့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့က အခက်အခဲတွေရှိပါတယ်။ ကျန်တော်တို့ ကြိုးစားရပါတယ်။ ဒါပေမဲ့လို့ ဒီနေ့ ဥပဒေတွေပြဋ္ဌာန်းတဲ့နေရာမှာ ပြန်ကြည့်မယ်ဆိုရင် အစိုးရဘက်ကလာတဲ့ ဥပဒေကြမ်းတွေကိုပဲ အဓိကထားပြီး လုပ်ရပြီးတော့ ကျန်တော်တို့ လတ်တော်တွေ၊ လတ်တော်ကိုယ်စားလှယ်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေက နည်းတယ်။ ကျန်တော်တို့ လတ်တော်တွေမှာ ဥပဒေနဲ့ပတ်သက်လို့၊ ဥပဒေရေးရာနဲ့ပတ်သက်လို့ ကျန်တော်တို့ဆီမှာ အတွေ့အကြုံတွေနည်းတယ်။ ဒါကြောင့် ဥပဒေရေးရာနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံနည်းတဲ့ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်များကို ကူညီပေးနိုင်ဖို့အတွက် ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျန်တော်တို့ လတ်တော်မှာ အများကြီး အဆင်ပြေပါတယ်။ ဒါကြောင့်မို့လို့ အများပြည်သူလိုက်နာနိုင်တဲ့ တရားဥပဒေများပေါ်ထွန်းလာရေးအတွက် ဥပဒေများကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ များစွာကျန်ရှိနေပါ

တယ်။ အဲဒါအပြင် ဥပဒေတော့ ပြဋ္ဌာန်းလိုက်ပြီ မူလဥပဒေနဲ့ ညီညွတ်တဲ့၊ နည်းဥပဒေတွေ၊ အမိန့် ကြော်ငြာစာတွေ၊ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေကိုရော အချိန်မီထုတ်ပြန်ခဲ့ကြ သလား၊ ထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေကရော မူလဥပဒေနဲ့ ရှေ့နောက် လိုက်လျောညီထွေလား။ ထုတ်ပြန်ပြီးပြီဆိုရင် အဲဒီအတိုင်းရော သက်ဆိုင်ရာဌာနတွေက ကျင့်သုံးသ လားဆိုတာတွေကိုလည်း ဟောဒီလတ်တော်တွေကပဲ Oversight လုပ်ရမယ်။ စောင့်ကြည့်ထိန်းညှိရ မယ်။ အဲဒီလိုမှ မလုပ်နိုင်ဘူးဆိုလို့ရှိရင် ခုနက လတ်တော်များရဲ့ အဓိကတာဝန်ကို မထမ်းဆောင် နိုင်ခြင်းပဲဖြစ်ပါတယ်။

ဒါဖြင့်ရင် အဲဒီတာဝန်ကိုရော ကျန်တော်တို့က ဘယ်လောက်အထိ ထမ်းဆောင်နိုင်သလဲ။ ဒီဟာသည် စိန်ခေါ်မဖြစ်သလို ကျန်တော်တို့ရဲ့ အားနည်းတယ်ဆို အားနည်းချက်လို့ပြောတယ်။ ဘာဖြစ်လို့ မလုပ်နိုင်လဲဆိုတော့ မလုပ်နိုင်တဲ့ အကြောင်းတရာတွေရှိတယ်။ ဒါဟာဘာလဲ။ လတ်တော် ဆိုတာဘာလဲ။ လတ်တော်မှာ ဘာတာဝန်တွေရှိသလဲ။ အဲဒါကို ကျန်တော်တို့ လတ်တော် ကိုယ်စားလှယ်တွေလည်း နားလည်သလို တစ်ဖက်(တစ်ဖက်ဆိုတာတစ်မျိုးဖြစ်သွားမယ်။) မဏ္ဍိုင် သုံးရပ်မှာရှိတဲ့ပုဂ္ဂိုလ်များရော၊ ပြည်သူများရော နားလည်ဖို့လိုပါတယ်။ နားလည်းပြီးတဲ့အခါမှာ နားလည်တာနဲ့အညီ တကယ်လိုက်ပါလိုက်နာ ဆောင်ရွက်နိုင်ဖို့၊ တနည်းအားဖြင့်ပြောရမယ်ဆိုရင် တာဝန်အရ ဥပဒေနဲ့အညီ ဆောင်ရွက်တာကို ကျန်တဲ့ကျန်တဲ့သူများ နားလည်လက်ခံပြီးလိုရင် ပူးပေါင်းပါဝင်ပေးရမယ်။ တာဝန်အရလုပ်တယ်။ ဒါပေမဲ့ ဥပဒေနဲ့အညီဖြစ်ဖို့။ တာဝန်အရ ဥပဒေ နဲ့အညီ လုပ်ဖို့လိုပါတယ်။ အဲဒါတွေမပြည့်စုံသေးဘူးဆိုရင်တော့ ကျန်တော်တို့ အခက်အခဲတွေ ရှိနေမှာပါလို့ တင်ပြချင်ပါတယ်။ အဲဒီနေရာမှာ အကြိမ်ကြိမ် ပြောသွားပြီးပါပြီ။ ကျန်တော်တို့ လတ်တော်ထဲမှာ ပါတီစွဲ၊ ဝါဒစွဲမထားဘဲနဲ့ အမျိုးသားအကျိုးစီးပွားဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့ ဒီလို လတ်တော်ထဲမှာ ဆောင်ရွက်နိုင်ခဲ့လို့ ကျန်တော်တို့လတ်တော်အတွင်းမှာ ဘာပဲဖြစ်ဖြစ်တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်း ငြိမ်းချမ်း ရေးကိုဖြစ်စေတဲ့ ဟောဒီလတ်တော်မှာ မေးခွန်းတွေ အများကြီးမေးနိုင်တယ်။ အဆိုတွေ အများကြီး တင်နိုင်တယ်။ အဲဒီအတိုင်းပဲ ဥပဒေတွေ အများကြီးပြုနိုင်တယ်။ တိုင်းရင်းသားများ အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးဥပဒေဆိုတာ အဲဒီတိုင်းရင်းသားများရဲ့ အခွင့်အရေးတွေရဖို့၊ အဲဒီလို ရတော့မှ ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့၊ ဒါတွေလည်း ကျန်တော်တို့ဆီမှာ လုပ်ခဲ့ပါတယ်။ အဲဒီလို လုပ်ရင်းနဲ့ကျန်တော်တို့ လတ်တော်ထဲမှာရခဲလှတဲ့ လတ်တော်နိုင်ငံရေးအတွေ့အကြုံကို ကျန်တော်တို့

ခင်ဗျားတို့ရကြတယ်။ တိုင်းရင်းသားရေးရာ အတွေ့အကြုံများရကြတယ်။ အဲဒီအတိုင်းပဲ စည်းလုံးညီညွတ်ရေးအတွက် ကျယ်ပြန့်လှတဲ့ကိစအကြောင်းအရာများကို ဟောဒီလတ်တော်အတွင်းမှာ ငါးနှစ်တိုင်တိုင် ကျန်တော်တို့ ဒီလိုအခွင့်အလမ်းတွေရခဲ့တယ်။

ဒါကြောင့်မို့လို့ လတ်တော်ဆိုတဲ့ ဒီနေရာကို ကျောင်းတော်ကြီး သို့မဟုတ် တကသိုလ်ကြီးလို့များ တင်စားခေါ်ဝေါ်မယ်ဆိုရင် လတ်တော်ထဲရောက်လာတဲ့ လတ်တော်ကိုယ်စားလှယ်ဟာ နိုင်ငံ့သားကောင်း၊ သမီးကောင်း မွန်များဖြစ်ပြီးတဲ့အခါမှာ ဟောဒီလတ်တော်အဆောက်အအုံရော အဲဒီကမှ တစ်ဆင့် ပြည်သူများ အတွက်ရော များစွာဆောင်ရွက်ပေးနိုင်တဲ့ ကျောင်းတော်ကြီးပဲ၊ တကသိုလ်ကြီးပဲ ဖြစ်တယ်ဆိုတာ မှတ်ယူပြီးတဲ့အခါမှာ ဒီလတ်တော်မှာ ဆက်ပြီးတာဝန်ထမ်းဆောင်ကြမယ့် လတ်တော်ကိုယ်စားလှယ် အသစ်များရော၊ အဟောင်းထဲက ကျန်တဲ့လူများရော ဒီအသိ၊ ဒီခံယူချက်နဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီအတိုင်းပဲ ဒီနေ့ဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲမှာ ဦးဝင်းထိန် တင်ပြသလိုပဲ ရာခိုင်နှုန်း(၈၀)ကျော် ကျန်တော်တွက်ထားတာ (၈၀)ကျော်တော့ မဟုတ်ဘူး။ ၇၉ ဒသမ Something ရာခိုင်နှုန်းပဲ။ (၈၀)ရာခိုင်နှုန်းထား။ အဲဒီ(၈၀)ရာခိုင်နှုန်းကပဲ ဒီနေ့ အစိုးရဖွဲ့မယ်။ ဖွဲ့တဲ့အခါမှာ ဟောဒီလတ်တော်ကိုယ်စားလှယ်ထဲက အဲဒီအစိုးရအဖွဲ့ထဲမှာ ပါသွားပြီဆိုရင်တော့ လတ်တော်ဆိုတာဘာ၊ လတ်တော်ကိုယ်စားလှယ်ဆိုတာဘာ၊ သူတို့ရဲ့လုပ်ငန်းတာဝန်တွေကပါ။ အဲဒီလိုနားလည်တဲ့အခါမှာ အစိုးရအဖွဲ့နဲ့ ဟောဒီလတ်တော်နဲ့ ထိန်းကျောင်းမ၊ သဟဇာတဖြစ်မတွေက ပိုဖြစ်သွားမယ်။ လတ်တော်အကြောင်းမသိဘဲနဲ့ အုပ်ချုပ်ရေးအကြောင်းပဲ သိရင်၊ အုပ်ချုပ်ရေးအကြောင်းပဲသိပြီး လတ်တော်အကြောင်းမသိဘူးဆိုလို့ရှိရင် ဒီဟာမျိုးတွေက အဖုအထစ်တွေပိုပြီးတော့ ရှိလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့လတ်တော်၊ ဒီနေ့ ဒုတိယအကြိမ်လတ်တော်၊ ဒုတိယအကြိမ် လတ်တော်သက်တမ်းမှာ အစိုးရသက်တမ်းတစ်ခု ဝင်လာပြီဆိုလို့ရှိရင် ပြီးခဲ့တဲ့ ကာလအခြေအနေထက်တော့ အများကြီး ကောင်းလာနိုင်ဖို့ ဒီနေ့ အဓိကတာဝန်ရှိတဲ့၊ အဓိကတာဝန်ယူထားရတဲ့ အနိုင်ရပါတီက အနိုင်ရပါတီပါ။ အနိုင်ရတာကို အနိုင်မရဘူးလို့ ပြောလို့မရဘူး။ အနိုင်ရပါတီကဘာလဲ အောင်မြင်အောင် ဆောင်ရွက်သွားဖို့လိုပါတယ်။ ဘာတွေအောင်မြင်အောင်လဲ ပြည်သူများရဲ့ အကျိုးစီးပွားအောင်မြင်အောင်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဟောဒီလတ်တော်ကြီးက ခုနက ဒီလတ်တော်ထဲကပဲ၊ လတ်တော်အတွေ့အကြုံရှိတဲ့လူတွေကပဲ ခုနက အစိုးရအဖွဲ့ထဲရောက်သွားရင် လတ်တော်ဆိုတာဘာ သိတဲ့အတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မတွေရော၊ ထိန်းကျောင်းမတွေရော

အောင်မြင်လာမှာဖြစ်တဲ့အတွက် ဒီအခွင့်အခြေအနေကောင်းများကို သယ်ဆောင်နိုင်မယ်လို့ ကျန်တော်တို့အနေနဲ့ တင်ပြချင်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာခဲ့တဲ့ လတ်တော် အတွင်းမှာ အင်မတန်မှ တန်ဖိုးကြီးလှတဲ့ ကိစများဆောင်ရွက်ခွင့်ရရှိခဲ့ကြပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် တစ်နည်းဆိုရင် အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက် နိုင်ကြောင်းလည်း ကျန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျန်တော်တို့ လတ်တော်အတွင်းမှာ နိုင်ငံတကာလေ့လာရေးခရီးတွေ၊ နိုင်ငံတကာ လတ်တော်များ(AIPA၊ IPU) လတ်တော်အဖွဲ့အစည်း များနှင့်အတူတကွ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ တိုင်းရင်းသားများရဲ့ အထူးနေ့ရက်များနှင့် ရိုးရာယဉ် ကျေးမပွဲတော်နေ့များမှာ အဆို၊ အတီး၊ အကများဖြင့် ပါဝင်နိုင်ခဲ့ကြတယ်။ ပျော်စရာ၊ ရင်စရာ၊ ကြည်နူး စရာ၊ ဝမ်းသာစရာများ ရရှိခံစားခဲ့ရတယ်။

ဒီလိုနှစ်သက်မြတ်နိုးဖွယ်၊ တန်ဖိုးထားဂုဏ်ယူဖွယ် ဆောင်ရွက်နေတဲ့ လတ်တော်ကြီး နက်ဖြန် ဆိုရင်ပြီးဆုံးပါပြီ။ ပြည်သူ့လတ်တော်က ဒီနေ့ပြီးဆုံးပြီ။ ဒီပထမအကြိမ် သက်တမ်းကုန်ဆုံးသွားပြီး ကျန်တော်အပါအဝင် အချို့သော၊ အချို့သောဆိုတာကတော့ အများစု လတ်တော်ကိုယ်စားလှယ် များဟာ လတ်တော်ကို ဘာပဲဖြစ်ဖြစ် ဝမ်းနည်းစွာနဲ့ပဲ ခွဲခွာကြရမှာပါ။ ဒါ့ကြောင့် ဝမ်းမနည်းကြပါနဲ့လို့ ကျန်တော် မပြောချင်ပါဘူး။ အဲဒီအတိုင်းပဲ မပြောလည်း မပြောနိုင်ပါဘူး၊ မပြောလည်း မပြောရက် ပါဘူး။ စိတ်ထဲမှာ အားလုံးကိုယ်စီကိုယ်စီ ရှိပါတယ်။ ဒါပေမဲ့ လွမ်းမောခြင်း၊ တမ်းတခြင်းများနှင့်အတူ မြန်မာတို့ရဲ့ လတ်တော်များ အရည်အချင်းပြည့်ဝအောင် ခိုင်မာတောင့်တင်းအောင် လတ်တော်ဆိုင်ရာ လုပ်ငန်းများ ထိရောက်မှန်ကန်စွာ လုပ်ဆောင်ပေးကြဖို့ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ် အဟောင်းများက ရောက်တဲ့နေရာမှာ တတ်နိုင်တဲ့ နည်းလမ်းများဖြင့် ဘက်ပေါင်းစုံက ပါဝင်ဆောင် ရွက်ပေးကြမယ်ဆိုရင် ကျန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိမှာဖြစ်တဲ့အတွက် ဆောင်ရွက်ပေး ကြပါလို့လည်း ကျန်တော်က မေတ္တာရပ်ခံလိုပါတယ်။ လတ်တော်အတွက် ကူညီအားဖြည့်ဆောင်ရွက် ပေးခြင်းဟာ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခြင်းဖြစ်တယ်ဆိုတာကို ခံယူဖို့လိုပါတယ်။

ချစ်ခင်လေးစားရတဲ့ လတ်တော်ကိုယ်စားလှယ်အဟောင်းများနဲ့ ဒီနေ့ လတ်တော်အသစ်မှာ ပါဝင်ဆောင်ရွက်မယ့် ကိုယ်စားလှယ်အပေါင်းတို့ ကိုယ်စားလှယ်အဟောင်းများအတွက် ပြန်လမ်း

သာပြီး လတ်တော်ကိုယ်စားလှယ်အသစ်များအတွက် လာလမ်းဝင်လမ်းဖြောင့်ဖြူးကြပါစေ။ ထို့နည်းတူစွာ မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကြပါစေ၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပါစေ၊ ပြည်ထောင်စုကြီး တိုးတက်ထွန်းကားပါစေ၊ လတ်တော်များကလည်း နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေလို့ ပထမအကြိမ် ပြည်သူ့လတ်တော်ရဲ့ နောက်ဆုံးနေ့မှာ ပြည်သူ့လတ်တော်ကိုယ်စားလှယ်များအစား နှုတ်ခွန်းဆက်သရင်းနိဂုံးချုပ်လိုက်ပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လတ်တော်(၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်းနဲ့ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၇း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ကို ၁၇း၁၅ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]